Agribiz News
အဂ္ဂရီဘစ် စီးပွား သတင်း
www.agribiznews.com.mm
e-Paper-0011
၂၀၂၄ ခုနှစ် ဇွန် ၁ ရက်

# ပြည်တွင်းစားသုံးဆီ ဖူလုံစွာ ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်၊ မေ ၂၇

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်တွင်း စားသုံးဆီ ဖူလုံရေး အတွက် သက်ဆိုင်ရာကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစွာ ထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲကို မေလ တတိယပတ်အတွင်းက နေပြည်တော် ရုံးအမှတ်-၁၅ အစည်းအဝေး ခန်းမ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ က သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြ ဆွေးနွေးခဲ့ကြသည်။

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲ၍ စားသုံးဆီဖူလုံရေး နှင့် ပြည်ပမှ ဆီတင်သွင်းမှုလျှော့ချရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီး ပြည်နယ် ၇ ခု၌ ဆီထွက်သီးနှံ အထူးဇုန်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒေသအလိုက် အထွက်နှုန်း ကောင်းမွန်သော မြေပဲ၊ နှမ်း၊ နေကြာမျိုးများကို အသုံးပြု၍ စိုက်ပျိုးနိုင်ရန် ဌာန၊ ပုဂ္ဂလိက နှင့် မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်အသုံးပြုနိုင်ရေး အပါအဝင် ဒေသအလိုက် ရေရရှိရေး နည်းလမ်းများ၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြု လုပ်ကိုင်နိုင်ရေး လုပ်ငန်းများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းမှုတို့ဖြင့် နည်းပညာပေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများအား စားသုံးဆီအဖြစ် ကြိတ်ခွဲနိုင်ရေးအတွက် ဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်စေရန်နှင့် ဆီစက်နှင့်ဆီသန့်စက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ တိုးတက်လာရေး အားပေးကူညီလျက်ရှိကြောင်း၊ အလားတူ ဆီထွက်သီးနှံအစေ့ဆန် ရောင်းဝယ် ဖောက်ကားမှု ၊ စားသုံးဆီသန့်နှင့် ရောနှော ဆီ ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် လိုအပ်သော ထိန်းကျောင်းကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း စားသုံးဆီ ဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ချမှတ်ထားသည့်လုပ်ငန်းစဉ်များအား သက်ဆိုင်ရာ ဌာနများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းအဖွဲ့များဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

MOALI

ပုံစံ-၇ နဲ့ ၁၀၅ ရှိရင် အိမ်ဆောက်လို့ရပါသလား
စာ-၉

မြေနှမ္ဘာ စနစ်တကျကောက်ယူစို့
စာ-၁၆



# သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲမှု တိုးတက်ရေးနှင့် ရေရှည် တည်တံ့သော ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ် ထွန်းကားလာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော်၊ မေ ၂၇

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မေ ၂၆ ရက် နေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်သာကျေးရွာရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာစက်ရုံ ၏ နွားမွေးမြူရေး နှင့် သဘာဝမြေဩဇာထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက ဒေသနွား နှင့် နို့စားနွားမွေးမြူရေး ဆောင်ရွက်နေမှု၊ နွားစာမြက်(နေပီယာ) စိုက်ပျိုးထားရှိမှုနှင့် သဘာဝ မြေဩဇာထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး က နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာကုန် ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် သဘာဝမြေဩဇာ ထုတ်လုပ် သုံးစွဲမှု တိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ အားပေးဆောင်ရွက်နေမှု ၊ စိုက်ပျိုးမွေးမြူရေး အခြေခံသော ပုဂ္ဂလိက လုပ်ငန်းများ အောင်မြင် တိုးတက် ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် လယ်ဝေးမြို့နယ်၊ သစ်ဆိမ့်ပင် ကျေးရွာအုပ်စု၊ ချောင်းမငယ်ဆည်ရေသောက်စနစ်ရှိ ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးအထူးအထွက်တိုး စံပြကွက်သို့ရောက်ရှိပြီး တောင်သူဦးတင်ဌေး ၏ နံ့ကောက်ထွန်း ၃ ဧကစိုက်ခင်းအား ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန တာဝန်ရှိသူက ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး၊ မိုးစပါး နှင့် ဆီထွက်သီးနှံများ အတွက် ချောင်းမငယ်ဆည်ရေသောက်စနစ်၏စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရန်လျာထားဆောင် ရွက်နေမှုနှင့် ပန်းတိုင်အထွက် ရရှိရေးဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်း တင်ပြကြပြီး ဒုတိယဝန်ကြီးက တောင်သူများအတွက် သဘာဝမြေဩဇာများ ပေးအပ်သည်။

ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီး က ထွက်ရှိလာသည့် သီးနှံများ ဈေးကောင်းရရှိနေမှု၊ သွင်းအားစုစရိတ် လျှော့ချနိုင်ရေးနှင့် တစ်ဧကချင်း၏ ထုတ်လုပ်မှု တိုးတက်ရေး အတွက် နည်းပညာများ စနစ်တကျ လိုက်နာအသုံးပြု ဆောင်ရွက်ရန်၊ ဆည်ရေများ အလေအလွင့် မရှိ စနစ်တကျ သုံးစွဲနိုင်ရေး စီမံ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ရာသီ အလိုက် စိုက်ပျိုးမည့် သီးနှံပုံစံရေးဆွဲ ရာ၌ သီးနှံ၏ သက်တမ်း နှင့် ရေလိုအပ်ချက် ကို တွက်ချက်၍ ရေသွင်းစနစ်များ ချိန်ညှိ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်၊ သူဌေးကုန်းကျေးရွာရှိ ဘက်စုံစိုက်ပျိုး မွေးမြူရေး သမဝါယမအသင်းက မွေးမြူထားသည့် ဘရာမင်နွားနှင့် ဒေသနွား မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အသင်း၏လိုအပ်မှုများအပေါ် ဌာနမှ ကူညီ ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားသည်။

အလားတူ အင်းသာကျေးရွာရှိ ရာဇာနိုင် အသားတိုးကြက် မွေးမြူရေးခြံ အားကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက အသားစားကြက်ကောင်ရေ ၁၆၃,၅၀၀ မွေးမြူထားပြီး နေပြည်တော်အတွင်း ကြက်သားစားသုံးမှုအတွက် ၂၀ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်မှုကို ရှင်းလင်းတင်ပြသည်။ ယင်းအပေါ် ဒုတိယဝန်ကြီးက ပြည် တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် မွေးမြူရေး ထွက်ကုန်များကို စားသုံးသူပြည်သူများ သင့်တင့်သောဈေးနှုန်းဖြင့် စားသုံးနိုင်ရေးအလေးထား ဆောင်ရွက်ရန်၊ အစားအစာဘေးကင်းလုံခြုံရေးအတွက်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါ

စာ-၃ သို့

# ကောက်စိုက်စက်တွဲဖက်သုံး ၁၀ တန်းသွားမျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

ဘားအံ မေ ၁၇

**က**ရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့်တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်း သရုပ်ပြပွဲကို မေ ၁၇ ရက်နေ့ နံနက် ၇ နာရီခွဲက ဘားအံမြို့နယ်၊ ရဲသာကျေးရွာအုပ်စု၊ ကမော့ ကစင်ကျေးရွာ၊ ကမော့ကစင်အနောက်ကွင်း၊ ကွင်းအမှတ် ၁၁၈၇ ရှိ တောင်သူ ဦးမောင်မောင်ဌေး၏ လယ်မြေ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ တရုတ်လှ၊ ထောင်ဝိ၊ ရဲသာ၊ ကော့သံခါ၊ ရွှေနတ်ကျွန်း၊ ကော့ကျိုက်၊ ရဲသာ(ကမော့ကစင်) ကျေးရွာများမှ တောင်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် က စပါးကို ကြဲပက်စိုက်ပျိုးသည့်အခါ အပင်အစိပ်အကျဲ ကွာဟမှု မတူညီခြင်း၊မျိုးစပါးပိုမိုအသုံးပြုရခြင်း၊ စပါးပင်နှင့် ပေါင်းမြက်များ တစ်ပြိုင်တည်း ပေါက်ရောက် သဖြင့် ပေါင်းမြက်နှိမ်နင်းရန်ခက်ခဲခြင်း၊ ကြားပေါင်းလိုက်၍မရခြင်း၊ အထွက်နှုန်းအနေဖြင့် အတန်းလိုက်စိုက်ပျိုးခြင်းထက် အနည်းဆုံးတင်း ၂၀ ခန့်လျော့နည်းနိုင်ခြင်း၊ ရိတ်သိမ်းရာတွင်လည်း အတန်းလိုက်မဟုတ်ဘဲ ပေါင်းမြက်များခြင်းကြောင့် ရိတ်သိမ်းခြွေလှေ့စက် အသုံးပြုရိတ်သိမ်းရာတွင်လေလွင့်ဆုံးရှုံးမှုများပြားခြင်း စသည့်အားနည်းချက်များကို ရင်ဆိုင်ရမှာ ဖြစ်သည့်အတွက်စိုက်ပျိုးကုန်ကျစရိတ်သက်သာပြီး စပါးအထွက်တိုးရန် ကောက်စိုက်စက် (သို့

စာ-၃ သို့



# ဇွန်လ လပတ်
# မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**အ**နောက်တောင်မုတ်သုံလေသည် မေ ၂၉ရက်မှ ဇွန် ၃ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး သို့ ဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်း ရပ်ပန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိ နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ရခိုင် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ ရက်မှ၂၈ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၁ ရက်ခန့်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးကိုင်းဒေသကြီးတို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မြစ်ရေအခြေအနေ

၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၂ ပေမှ ၁၄ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတ မြို့နှင့် ဇလွန်မြို့တို့တွင် ၈ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာ နိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့ ၊ မင်းကင်းမြို့၊ ကနီမြို့ နှင့် မုံရွာမြို့တို့တွင် ၁၄ ပေမှ ၁၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၅ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၄ ပေမှ ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့ တို့တွင် ၃ ပေမှ ၄ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူ မြို့နှင့် ပဲခူးမြို့တို့တွင် ၃ ပေမှ ၈ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၅ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၉ ပေခန့်၊ သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၇ ပေခန့် လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်ပါသည်။ ■

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm ပြည်တွင်းသတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြဲ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

စာ-၂ မှ

ကင်းစင်ရေး၊တစ်ကိုယ်ရည် သန့်ရှင်းရေး အ လေး ထား ဆော င် ရွ က် ရ န် လိုအပ်ချက်များကိုဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျည်တောင်ကန်ကျေးရွာရှိ ကျည်တောင်ဝက်မွေးမြူရေးခြံ တွင် C.P Co.,Ltdနှင့် ကျေးရွာတို့ပူးပေါင်း၍ ဆင့်မြင့် မွေးမြူရေးခြံ ၈ ခြံ၌ C.Pအသားတိုးဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ကွက်ငယ် မွေးမြူရေးတောင်သူများကို နည်းပညာပေးခြင်း၊ ပူးပေါင်းလက်တွဲ ဆောင်ရွက်ခြင်း၊ အစာကျွေးမွေး အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ်ရေး ကူးစက်ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ချက်များကိုဆွေးနွေး မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။ MOALI

စာ-၂ မှ

မဟုတ်) တိုက် ရိုက်အစေ့ချကိရိယာတို့ဖြင့် စိုက်ပျိုးရန် လမ်းညွှန်မှုပြုရခြင်းဖြစ်ကြောင်း၊ မျိုးစေ့ချကိရိယာ အသုံးပြု စိုက်ပျိုးခြင်းဖြင့် လိုအပ်သည့်စိုက်ပျိုးရေကိုချွေတာနိုင်ခြင်း၊ ပျိုးခင်းစရိတ်၊ ပျိုးနုတ်ပျိုးသယ်၊ ကောက်စိုက်စရိတ် မကုန်သဖြင့် လု ပ် အား ခ သ က် သာ စေ ခြ င်း ၊ ကော က် ပ င် ရွှေ့ ပြော င်း စို က် ရ န် မ လိုအပ်သည့်အတွက် အပင် ကြီးထွားမှု မြန်ဆန်ခြင်းနှင့် ကြားပေါင်းလိုက်ရလွယ်ကူခြင်းစသည့်အားသာချက်များကို ရရှိနိုင် မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးမှ ပြပွဲပြုလုပ်ကျင်းပရခြင်း ရည်ရွယ် ချက်နှင့် အသုံးပြုပြသမည့် မျိုးစေ့ချကိရိယာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘားအံမြို့၊ အမှတ်(၂၀)စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့်တွဲဖက်သုံး ၁၀ တန်းသွားမျိုးစေ့ချကိရိယာ၊ လက်ဆွဲ မျိုး စေ့ ချ ကိ ရိ ယာ ( D r u m Seeder) တို့ဖြင့် မိုးစပါး စိုက်ပျိုးပြသခဲ့ရာ တက်ရောက်လာသော ဧည့်သည်တော်များနှင့် တောင်သူများမှ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ AMD



# စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး စုစုပေါင်း ၄၁၉၆ မျိုး တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့် ပြုခဲ့

နေပြည်တော်၊ မေ ၂၈

ပိုး သတ်ဆေးမှတ်ပုံတင်အဖွဲ့ ၏ ၄၂ ကြိမ်မြောက် အစည်းအဝေးကို မေ ၂၈ ရက်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး ပိုးသတ်ဆေး ပေါင်းသတ်ဆေး မှိုသတ်ဆေးများနှင့်ပတ်သက်၍ သုတေသနနှင့် လူ့စွမ်းအား မြှင့်တင်ရေးလိုအပ်ချက်များ၊ ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များမှ စိစစ် တင်ပြလာသော ပိုးသတ်ဆေး အမျိုးပေါင်း ၁၄၉ မျိုးအား အတည်ပြုပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ အနေဖြင့် ပိုးသတ်ဆေး နည်းပညာ ကော်မတီ က ပြုစုတင်ပြလာသည့် သတင်းအချက်အလက်များ စိစစ်သုံးသပ်အကြံပြုချက်ခြင်းများကို အခြေခံ ၍ ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ တင်ပြရန် လိုအပ်သော အထောက်အထားအချက်အလက်များ ကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာအကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့်ပတ် ဝန်းကျင်ကို အန္တရာယ် မြင့်မားစေသော ပိုးသတ်ဆေးများကို သုံးစွဲရန် ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ ကိုင်တွယ်သုံးစွဲ စွန့်ပစ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို




အခါအား လျော်စွာ ထုတ်ပြန်လျက်ရှိပြီး ပိုးသတ် မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်လိုင်စင်နှင့် ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးခွင့် လိုင်စင် လျှောက်ထားလာမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန က ပိုးသတ်ဆေးဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက် ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံးပိုးသတ်ဆေးများ အရည်အသွေးပြည့်မီစွာဖြင့် အသုံးပြုနိုင်ရေး နှင့် အတုအပများကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထိန်းကျောင်း ကြပ်မတ် ဆောင်ရွက်လျက်ရှိရာ ၄၁ ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေး ပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၁၉၆ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

MOALI

# စိန်တလုံးနှင့် ရွှေဟင်္သာသရက်သီးများ

## တရုတ်ဈေးကွက်တွင် ပုံမှန်ဈေးကွက်ဝေစု ရရှိနေ

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော စိန်တလုံးနှင့် ရွှေဟင်္သာသရက်သီးများသည် တရုတ် ဈေးကွက်တွင် ပုံမှန်ဈေးကွက်ဝေစုရရှိနေကြောင်း နယ်စပ်ရှိ သစ်သီးကုန်သည်တစ်ဦးထံမှ သိရှိ ရသည်။

တရုတ်ဈေးကွက်၌ မိုင်းလား-တာလော လမ်းကြောင်းမှတစ်ဆင့် တင်ပို့သည့် သရက်သီး များအနက် အရည်အသွေးကောင်း စိန်တလုံးသရက်သီး တစ်ကတ်လျှင် (၉၀-၁၂၀)ယွမ် နှင့် ရွှေဟင်္သာ သရက်သီး တစ်ကတ်လျှင် (၈၀-၁၀၀)ယွမ် ပေါက်ဈေးရှိနေသည်။

လက်ရှိတွင် စိန်တလုံး နှင့် ရွှေဟင်္သာသရက်သီးများသည် ဝယ်လက်နှင့် ဈေးကွက် ရှိသည့်အပြင် ဈေးနှုန်းလည်း အသင့်အတင့်ရရှိနေသဖြင့် ၎င်းတို့ကို တင်ပို့လျက်ရှိကြောင်း၊ ဧပြီ လမှစ၍ အဆိုပါ သရက်သီး တန်ချိန် ၇၀၀ ခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ယခုနှစ်၌ မြန်မာ့သရက်သီးများသည် တရုတ်နိုင်ငံ၌ ဈေးကွက်ဝေစုရှိသော်လည်း သယ်ယူ ပို့ဆောင်ခအပါအဝင် ကုန်ကျစရိတ်များ မြင့်တက်လာကြောင်း၊ ပို့ကုန်လမ်းကြောင်းနှင့် ကုန်ကျ စရိတ်ကဲ့သို့သော စိန်ခေါ်မှုများကို ကြိုတင်ထည့်သွင်းစဉ်းစားရန် လိုအပ်နေသဖြင့် အရည် အသွေးမြင့် သရက်သီးများကို ပိုမိုတင်ပို့သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

ပြည်တွင်းမှထွက်ရှိသော သရက်သီးအားလုံးကို စားသုံး၍ မကုန်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းသရက်သီးများကို တင်ပို့ရမည်ဖြစ်ပြီး ဈေးကွက်အသစ် ဖွံ့ဖြိုးလာအောင်လည်း ပြုလုပ်ရမည် ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သရက်သီးကို ဝယ်ယူ၍ ပြည်ပသို့တင်ပို့ပါက ဆုံးရှုံးမှုများနှင့် ကြုံတွေ့နိုင်သော်လည်း တောင်သူတစ်ဦးမှ ၎င်း၏ ခြံထွက် သရက်သီးများကို တင်ပို့ပါက ဝင်ငွေ အလွယ်တကူ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အစောပိုင်းကာလတွင် ထွက်ရှိသည့် စိန်တလုံး သရက်သီး များသည် ပြည်တွင်း ဈေးကွက်တွင် ဈေးကောင်းရနိုင်သော်လည်း နောက်ပိုင်းတွင် အခြားသရက်သီး အမှည့်များလည်း ဈေးကွက်သို့ ဝင်ရောက် လာသောကြောင့် စားသုံးသူများအနေဖြင့် ရေရှည်၌ ၎င်း သရက်သီး တစ်မျိုးတည်းကိုသာ ဈေးကောင်းပေး၍ ဝယ်ယူခြင်းမပြုကြတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

၁၅ .၅. ၂၀၂၄ ရက်နေ့ထုတ် Global New Light of Myanmar






# စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့

နေပြည်တော်၊ မေ ၂၇

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တွင် တာဝန်ထမ်းဆောင် လျက်ရှိကြသည့် နေပြည်တော် ကောင်စီနယ်မြေ မှ နိုင်ငံ့ဝန်ထမ်း သားသမီးများ ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းများ အတွက် ကျောင်းဝတ်စုံ နှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း အခမ်းအနားကို မေ ၂၇ ရက်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် သားသမီး မူလတန်း၊အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်း သားသမီးများကို ပညာသင်ထောက်ပံ့မှုအဖြစ် ယခင်နှစ်များနည်းတူ ကျောင်းဝတ်စုံများနှင့် စာရေး ကိရိယာများကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မျိုးဆက်သစ် လူချွန် လူကောင်းများ ပေါ်ထွန်းလာစေရန် နှင့် နိုင်ငံ့စီးပွားဖြစ်ထွန်းရေးအတွက် တစ်ဖက် တစ်လမ်း က စွမ်းဆောင်နိုင်သူများ တိုးပွားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းအပေါ် သားငယ်သမီးငယ်များ အနေဖြင့် လက်တွေ့ ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်း အပ်ပါကြောင်း၊

၂၀၂၃- ၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာ အထက်တန်း Grade-10 တွင် စိုက်ပျိုးရေး၊ မွေး မြူရေးနှင့် စက်မှုဘာသာရပ်များကို လေ့လာသင်ကြားနိုင်စေရန် စီစဉ်ထားပြီး ဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့်မိမိတို့စိတ်ပါဝင်စားသည့်ဘာသာရပ်ကို လေ့လာ နိုင်ကြမည် ဖြစ်ကြောင်း၊ ထူးချွန်မှုအလိုက် စိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့် မွေးမြူရေးဒီပလိုမာ သင်တန်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊စက်မှုတက္ကသိုလ်များတွင် ဆက်လက်သင်ကြားခွင့် ရရှိကြမည်ဖြစ်၍ အလေးထားစဉ်းစား ဆောင်ရွက်ကြရန် ပြောကြား လိုကြောင်း၊ မှန်ကန်စွာဝေဖန်ပိုင်းခြားတတ်သည့် ပညာတတ်လူငယ်များအဖြစ် နိုင်ငံတော်၏ အနာဂတ်ကို ကောင်းသည်ထက်ကောင်းအောင် ပုံဖော်နိုင်ကြစေရေး အားထုတ် ကြိုးပမ်း ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ယူကြမည့် မူလတန်း ၁၃၇၂ ဦး၊ အလယ်တန်း ၆၉၇ ဦး ၊ အထက်တန်း ၇၄၇ ဦး ၊ စုစုပေါင်း ၂၈၁၆ ဦး တို့အတွက် ပညာသင်ထောက်ပံ့မှုအဖြစ် တစ်ဦးလျှင် ကျောင်းဝတ်စုံ ၁ စုံ၊ ဗလာစာအုပ် ၁ ဒါဇင် ၊ ခဲတံ ဘောပင် ၁ ဒါဇင်ကို ထောက်ပံ့ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ MOALI

# တောင်အာရှနှင့် အရှေ့တောင်အာရှသို့ လွန်ကဲပြင်းထန်အပူချိန်များ သက်ရောက်ခဲ့




ပြီးခဲ့သည့် ရက်သတ္တပတ်များတွင် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများသို့ လွန်ကဲပြင်းထန်သော အပူချိန် သက်ရောက်မှုကြောင့် လူသေဆုံးမှုများ၊ ပညာသင်ကြားမှုဆိုင်ရာ အနှောင့်အယှက်များ၊ စိုက်ပျိုးရေးဆိုင်ရာ ဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် ပြီးခဲ့သည့်လမှစ၍ ကျောင်းများ ပိတ်ခဲ့ရပြီး ထိုင်းနိုင်ငံတွင် အပူဒဏ်ကြောင့် အနည်းဆုံး လူ ၃၀ ဦး သေဆုံးခဲ့ကာ ဒူးရင်းခြံများလည်း အပူဒဏ်ကြောင့် ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

စံချိန်သစ်တင်မြင့်တက်ခဲ့သည့် အပူဒဏ်ကြောင့် ဘင်္ဂလားဒေ့ရှ်တွင် အပူဆုံးဧပြီလဖြစ်ခဲ့ပြီး အမြင့်ဆုံးနေ့အပူချိန်မှာ ပျမ်းမျှအပူချိန်အထက် ၈ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့သည်။မြန်မာနိုင်ငံချောက်မြို့တွင် ဧပြီလအတွင်း အမြင့်ဆုံး အပူချိန် ၄၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်ထိ ရောက်ရှိခဲ့သည်။ ဗီယက်နမ်ရှိ မိုးလေဝသစခန်း ၁၀၂ ခု၏ မှတ်တမ်းအရ ယမန်နှစ်ကထက် ပိုမို၍ ၄၃ ဒီဂရီ ဆဲလ်စီးယပ်သို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံကိုလ်ကတ္တားတွင်လည်း အလားတူ ၄၃ ဒီဂရီ ဆဲလ်စီးယပ်ရှိခဲ့ပြီး ၁၉၅၄ နောက်ပိုင်းတွင် ကြုံတွေ့ရသည့် ဧပြီလ၏ အမြင့်ဆုံးအပူချိန် ဖြစ်သည်ဟု ဆိုသည်။

အပူလှိုင်းများ၏ ကြိမ်နှုန်း၊ ပြင်းထန်မှုနှင့် ကာလတို့ တိုးမြင့်လာမှုအရ ဆိုးဝါးသည့်ဘက်သို့ ဦးတည်နေကြောင်း၊ ကျောင်းများပိတ်ထားခြင်း၊ အလုပ်သမားများ အပူဒဏ်မှ ကာကွယ်ရေးစီစဉ်ခြင်းစသည့် အစိုးရမူဝါဒဆိုင်ရာ ချမှတ်ဆောင်ရွက်မှုများ လိုအပ်ကြောင်း ဒေါက်တာရောက်စ်ဆီမက်သယူးကိုးလ်က အလေးထား ပြောကြားခဲ့သည်ဟု သိရှိရသည်။ TTP

FreshPlaza.com

စာ-၇ မှ

များသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊ တောင်သူအချင်းချင်း ဆင့်ပွားအသိပေးနိုးဆော် ဆောင်ရွက်သွားကြရန်၊ ရေအသုံးချသူများ အဖွဲ့ (WUG) နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ ထပ်ဆင့်အသိပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ချက်များ နှင့် ဆောင်ရွက်ထားသည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

# ဘရာဇီးမတ်ပဲ တန်ချိန် ၅ သောင်းအထိ အိန္ဒိယ တိုးမြှင့်တင်သွင်းဖွယ်ရှိ

မတ်ပဲကို ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် ပိုမိုတိုးချဲ့စိုက်ပျိုးလာနေသည့်အတွက် အိန္ဒိယနိုင်ငံသည် အဆိုပါနိုင်ငံများမှ ပိုမိုတင်သွင်းလာဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၉ ရက်နေ့က ဖော်ပြသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ မတ်ပဲ အဓိက တင်သွင်းသော နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် မတ်ပဲကို စတင်စိုက်ပျိုးလျက်ရှိပြီး၊ ယခုနှစ် ဇွန်-ဇူလိုင်လလောက်မှ စတင် ၍ အိန္ဒိယနိုင်ငံသို့ မတ်ပဲ အနည်းဆုံး ၅၀၀၀၀ တန် တင်သွင်းဖွယ်ရှိကြောင်း အိန္ဒိယပဲမျိုးစုံနှင့် သီးနှံ အသင်း (India Pulses and Grains Association-IPGA) ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့ သည်။ ယမန်နှစ်က ဘရာဇီးနိုင်ငံမှ မတ်ပဲကို ၅၀၀၀ တန် ဝယ်ယူတင်သွင်းခဲ့ကြောင်း သိရသည်။ Kothari ဦးဆောင်သော IPGA ကိုယ်စားလှယ်အဖွဲ့သည် မကြာသေးမီက ဘရာဇီးနိုင်ငံသို့ သွားရောက်ပြီး ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ ပဲမျိုးစုံထွက်ရှိမှု ကျဆင်းခဲ့သည့် အတွက် မတ်ပဲတင်သွင်းမှုပိုမို မြင့်တက်လာခဲ့သည်။ ရာသီဥတုအခြေအနေ မကောင်းမွန်မှုကြောင့် ခါရစ် (မိုး) နှင့် ရာဘီ(ဆောင်း) ရာသီနှစ်ရပ်စလုံးတွင် ပဲမျိုးစုံအထွက်နှုန်းကျဆင်းခဲ့သည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ မတ်ပဲတင်သွင်းမှု တန်ချိန် ၆ ဒသမ ၂၃ သိန်းရှိကာ ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၃ ဒသမ ၄၄ သိန်းသာ တင်သွင်းခဲ့သည့်အတွက် ၁၉ ရာခိုင်နှုန်း မြင့် တက်ခဲ့ကြောင်း Igrain India က ဖော်ပြသည်။ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် မတ်ပဲတင်သွင်းမှု တန်ချိန် ၆ ဒသမ ၁၁ သိန်းရှိကာ ယခင်ဘဏ္ဍာနှစ်က ၃ ဒသမ ၄၄ သိန်းသာရှိခဲ့သည့်အတွက် ၇၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အိန္ဒိယအစိုးရသည် မတ်ပဲ အကောက်ခွန်လွတ်တင် သွင်းခွင့်အား ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်နေ့အထိ အချိန်တိုးမြှင့်သတ်မှတ်ခဲ့သည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ဒုတိယအကြိမ် သီးနှံအထွက်နှုန်း ကြိုတင် ခန့်မှန်းချက်အရ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲအထွက်နှုန်းမှာ ၂၀ ဒသမ ၅၅ သိန်းရှိကာ ယခင် နှစ်က ၂၆ ဒသမ ၃၁ သိန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်း၊ ခါရစ်မတ်ပဲ အထွက်နှုန်းမှာ ယခင် နှစ်က ၁၇ ဒသမ ၆၁ သိန်းရှိခဲ့ရာမှ ယခုနှစ် တန်ချိန် ၁၅ ဒသမ ၅၀ သိန်းသာ ထွက်ရှိသည့်အတွက် ကျဆင်းခဲ့ကြောင်းနှင့် ရာဘီမတ်ပဲအထွက်နှုန်းမှာလည်း ယခင်နှစ်က တန်ချိန် ၆ ဒသမ ၃၃ သိန်းမှ ယခုနှစ် ၅ ဒသမ ၀၅ သိန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် မတ်ပဲကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ် များအတွင်းက စုစုပေါင်း မတ်ပဲတန်ချိန် ၃ သောင်း မှ ၄ သောင်းအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း Igrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် မတ်ပဲကို မြန်မာနိုင်ငံမှ တင်သွင်းလျက်ရှိသည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုအခါ အခြားဇစ်မြစ်တစ်ခု အနေဖြင့် အဆိုပါ တောင်အမေရိကနိုင်ငံများမှ တင်သွင်းနိုင်မည့် အလားအလာများထွက်ပေါ်လာလျက်ရှိ သည်ဟု ၎င်းကပြောကြားခဲ့သည်။

ပြည်တွင်း၌ ပဲအထွက်နှုန်းကျဆင်းသော်လည်း ပြည်ပမှပုံမှန် တင်သွင်းလျက်ရှိသည့်အတွက် ပြီးခဲ့သည့် နှစ်လတာအတွင်း မတ်ပဲဈေးနှုန်း တည်ငြိမ်လျက်ရှိသည့် အနေအထားဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် မတ်ပဲကို တန်ချိန် ၆ ဒသမ ၆ သိန်းခန့် ထုတ်လုပ်မည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ပြည်ပမှတင်သွင်းသော မတ်ပဲဈေးနှုန်းသည် ချန်နိုင်းမြို့တွင် မတ်ပဲ (SQ) ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈၉၅၀ နှင့် မွန်ဘိုင်းနှင့် ကော်လ်ကတ္တားမြို့တွင် ယခုလ ၉ ရက်နေ့က မတ်ပဲ (FAQ) ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၉၁၀၀ ရှိကြောင်း သိရသည်။

ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် မတ်ပဲကို ပိုမိုတိုးမြှင့်စိုက်ပျိုးလာလျက်ရှိကာ လာမည့်နှစ်များအတွင်း အိန္ဒိယအနေဖြင့် ယင်းတို့ထံမှ ပိုမိုတိုးမြှင့်တင်သွင်းလာဖွယ်ရှိသည်ကို တွေ့ရှိရသည်။ ၎င်းအနေဖြင့် ပဲမျိုးစုံကို ကနေဒါ၊ ဩစတေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် အာဖရိကတိုင်းပြည်များမှ ဝယ်ယူတင်သွင်းလျက်ရှိပြီး၊ ယခုအခါ မတ်ပဲကို မြန်မာဈေးကွက်အပြင် အခြား အလားအလာရှိ ဈေးကွက်များမှ ဝယ်ယူတင်သွင်းနိုင်ရန် ဈေးကွက်အမျိုးမျိုးခွဲခြား ဆောင်ရွက်ရေးမူ (Market Diversification) ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေဖြစ်ကြောင်း လေ့လာတင်ပြလိုက်ပါသည်။

ကောင်းထွဋ်အောင်



# တရုတ်နှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများကြား သစ်သီးဝလံရောင်းဝယ်မှု တိုးတက်လာ

မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံများမှ တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်သွင်းမှုပမာဏ သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၈ဘီလီယံရှိပြီး နိုင်ငံ၏ သစ်သီးတင်သွင်းမှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း ကွမ်ကျိုးမြို့တွင် မေ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် လန်ချန်း-မဲခေါင် သစ်သီးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန၏ အကြီးအကဲ Guo Libin က ပြောကြားခဲ့ကြောင်း သိရှိရသည်။

မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများမှ ဒူးရင်းသီး၊ သရက်သီး၊ ငှက်ပျောသီး၊ လောင်ဂန်သီး၊ မင်းဂွတ်သီး၊ အုန်းသီးနှင့် အခြားအသီးအနှံများသည် တရုတ် စားသုံး သူများကြားတွင် ရေပန်းစားလျက်ရှိကြောင်း၊ အလားတူ တရုတ်ဆီးသီး၊ တည်သီး၊ သစ်တော်သီး၊ သလဲသီးနှင့် သခွားမွှေးသီးများသည် အရှေ့တောင်အာရှ ဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူညီချက်ကို အကောင်အထည်ဖော်ပြီးနောက် တရုတ်နှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများကြား စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်း ဆောင်ရွက်မှုသည် ပိုမိုနက်ရှိုင်းလာကာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အပါအဝင် လယ် ယာထွက်ကုန်များ ကုန်သွယ်မှုမှာ အဆက်မပြတ်တိုးတက်လာသည်ဟု Guo မှ ပြောကြားခဲ့သည်။ တရုတ်-လာအိုရထားလမ်းကြောင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ သစ်သီးဝလံများသည် တရုတ်နိုင်ငံသို့ လျင်မြန်စွာ ရောက်ရှိနိုင်ပြီး စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်လာစေ ကြောင်း Guo က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကေခိုင်ကျော်

https://english.news.cn/20240511/3cc4ef5cd7d046eeab339add204033b5/c.html

# စင်ကာပူ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်တွင်းထုတ်လုပ်မှုအပေါ် စိန်ခေါ်မှုရှိနေ

ပြီးခဲ့သည့်နှစ်က ပြည်တွင်းထုတ်လုပ်မှု ကျဆင်းခဲ့သဖြင့် စင်ကာပူ၏ စားနပ်ရိက္ခာဖူလုံရေး စိန်ခေါ်မှုများ ရှိနေသည်။ ကမ္ဘာ့ကပ်ရောဂါဆက်နွယ်သည့် ကြန့်ကြာမှုများ၊ ငွေကြေးဖောင်းပွမှု၊ စွမ်းအင်ဈေးနှုန်းများ ကြီးမြင့်လာမှု၊ လုပ်ခများ မြင့်တက်လာမှုတို့ကြောင့် ပြည်တွင်းထုတ်လုပ်ရေးလုပ်ငန်းများ စိန်ခေါ်မှုရှိနေကြောင်း စင်ကာပူ စားနပ်ရိက္ခာအေဂျင်စီက ဆိုသည်။

နိုင်ငံရှိပြည်သူအားလုံးအတွက် ပြည်ပမှတင်သွင်းမှုကို အဓိကအားထားနေရသော စင်ကာပူအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လိုအပ်မည့် စားနပ်ရိက္ခာပမာဏ၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် ရည်မှန်း၍ ပြည်ပတင်သွင်းမှုကို လျှော့ချဖြတ်တောက်နိုင်ရန်ကြိုးစားလျက်ရှိသည်။

စင်ကာပူအနေဖြင့် ၂၀၂၃ ခုနှစ်တွင် စပိန်မှ ဆိတ်သား၊ အင်ဒိုနီးရှားမှ ကြက်သားအပါအဝင် ဒေသအသီးသီးရှိ နိုင်ငံပေါင်း ၁၈၇ ခုမှ စားနပ်ရိက္ခာများတင်သွင်းခဲ့သည်။ ယမန်နှစ် ပြည်တွင်းထုတ်လုပ်မှုအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် ပင်လယ်စာတို့ကို ယမန်နှစ် ပြည်တွင်းစားသုံးမှု၏ ၇ ဒသမ ၃ နှင့် ၃ ဒသမ ၂ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ခဲ့သည်။ စင်ကာပူစားနပ်ရိက္ခာအေဂျင်စီက စားသုံးသူ ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းများ၏ စီးပွားရေးဆောင်ရွက်နိုင်မှုကို သေချာစေရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကတိပြုထားသည်။

TTP

# မန္တလေးတိုင်းဒေသကြီးအတွက် လက်ဆွဲကောက်စိုက်စက်များ ဖြန့်ဖြူးပေးခြင်း အခမ်းအနားကျင်းပ

မန္တလေး ၊ မေ ၁၈

မန္တလေးတိုင်းဒေသကြီးအတွင်း လက်ဆွဲကောက်စိုက်စက်များ အသုံးပြုနိုင်ရေးအတွက် ဖြန့်ဖြူးပေးခြင်း အခမ်းအနားကို မေ ၁၈ ရက်၊ နံနက် ၈ နာရီ ခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရ၊ ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ဦးဝင်းထိန်က မန္တလေးတိုင်း ဒေသကြီးအတွင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးတင်ပြခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဦးဆန်းအောင်က လက်ဆွဲကောက်စိုက်စက် နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရ၊ ဝန်ကြီးချုပ် ဦးမျိုးအောင်မှ အင်ဂျင်ပါဝါသုံး (၆) တန်းသွား လက်ဆွဲကောက်စိုက်စက် အစီး ၅၀ အား ခရိုင်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများထံသို့ လွှဲပြောင်း ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ဌာနဆိုင်ရာတာဝန်ခံများ၊ လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်သူ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ၊ စုစုပေါင်း ၁၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

AMD

# ဆည်ရေသောက်ဧရိယာရှိ နွေနှမ်းနှင့် အခြားသီးနှံများ မုန်တိုင်းမိုးကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော်၊ မေ ၂၀

နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးပြီးဖြစ်သည့် နွေနှမ်းနှင့် အခြားသီးနှံများ အား မိုးကြိုရာသီတွင် ဖြစ်ပေါ်တတ်သော မုန်တိုင်းမိုးနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေး အတွက် ဒေသခံ တောင်သူများ၊ ရေအသုံးချသူများအဖွဲ့(WUG) နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်ခြင်း၊ စိုက်ခင်းများအတွင်း စိမ့်မြောင်း ပတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မေလ တတိယပတ်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။



ရေးဦးစွာ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာတွင် ဘောင်ကြီးတင် စနစ်ကို အသုံးပြု၍ စိုက်ပျိုးထားသော နှမ်းသီးနှံစိုက်စနစ် ၄ မျိုး စမ်းသပ် စိုက်ပျိုးခြင်း စံပြကွက်ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အေးမြင့်သာယာကျေးရွာ နေရောင်ပြအင်း ဘုရားအနီး ယာယီ ရေထိန်းဆည် ရေသောက် ဧရိယာအတွင်း စိုက်ပျိုးထားရှိ သော နွေနှမ်းစိုက်ခင်း၊ ဇေယျာ သီရိမြို့နယ် သပြေပင်ကျေးရွာ ရေဆင်းဆည်ဧရိယာအတွင်း စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများကို ထိခိုက်စေနိုင်သည့် ရေအိုင်ခြင်း ရေဝပ်ခြင်း မဖြစ်ပေါ်စေရန် ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်မှုအား ကြည့်ရှုစစ်ဆေး သည်။

အလားတူ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် အေလာ ယာယီရေထိန်းဆည် ရေသောက်ဧရိယာအတွင်း ရေနုတ်မြောင်း ရှင်းလင်း တူးဖော်နေမှု နှင့် ကူသပိတ်ကျေးရွာ မဒန်းဆည်ရေသောက် ဧရိယာအတွင်း စိုက်ပျိုးထားသော နွေနှမ်း စိုက်ခင်းများတွင် ရေမဝပ်စေရန် ရေနုတ်မြောင်းတူးဖော်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် ရေသွင်း၊ ရေထုတ်သေချာ၍ အထွက်နှုန်းကောင်းမွန်သော ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မိုးကြိုရာသီတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း မိုးများကြောင့် နွေနှမ်းနှင့် အခြားသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တောင်သူ

စာ-၅ သို့



အေးအေးသက်(စက်မှုလယ်ယာ)

# မျက်မှောက်ခေတ်စိုက်ပျိုးရေးစနစ်နှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှု

မျက်မှောက်ခေတ်တွင် ကျင့်သုံးလျက်ရှိသောစိုက်ပျိုးရေးစနစ်သည် နည်းပညာတိုးတက်မှု၊ ရေရှည် တည်တံ့စေသည့် အလေ့အကျင့်များ၊ဆန်းသစ်တီထွင်သော စိုက်ပျိုးရေးနည်းစနစ်များကို ပေါင်းစပ်ခြင်းဖြင့် အရှိန်အဟုန် တိုးတက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ပါးစေရုံမက သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းနိုင်ပြီး ကျေးလက်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုအထောက်အပံ့ ပေးနိုင်သော ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များကို အလေးထားလုပ်ဆောင်လာကြပါသည်။ အဆိုပါစနစ်တွင် Precision Agriculture ဟု ခေါ်သည့် တိကျသောစိုက်ပျိုးရေး အလေ့အကျင့် များကို လုပ်ဆောင်နိုင်ရန် GPS ကဲ့သို့သော အာရုံခံကိရိယာများ၊ ဒရုန်းများနှင့် ဒေတာခွဲခြမ်း စိတ်ဖြာမှု ကဲ့သို့သော နည်းပညာများကို အသုံးပြုပြီး တောင်သူများမှ ရေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကဲ့သို့ သွင်းအားစုများကို ပိုမိုထိရောက်စွာ အသုံးချနိုင်စေခြင်းဖြင့် အထွက်နှုန်းပိုတိုးလာစေကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း လျော့နည်းလာစေလိမ့်မည်ဖြစ်သည်။

ထို့အပြင် ပိုးမွှားများ/ပေါင်းသတ်ဆေးဒဏ် ခံနိုင်ရည်ရှိစေရန်နှင့် အာဟာရပါဝင်မှုကို မြှင့်တင်ပေးသည့် မျိုးဗီဇ ပြုပြင်ထားသောသီးနှံများကို မိတ်ဆက်အသုံးပြုလာကြသည့်အတွက် ဇီဝနည်း ပညာနှင့် မျိုးရိုးဗီဇဆိုင်ရာနည်းပညာများသည် ခေတ်မီစိုက်ပျိုးရေးစနစ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အဆိုပါနည်းပညာများသည် ပိုးမွှားများ၊ ရောဂါများနှင့် ရာသီဥတုပြောင်းလဲမှု စသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ပါသည်။

Hydroponics, aeroponics, or aquaponics တို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို လိုက်လျော ညီထွေဖြစ်စေသည့် စိုက်ပျိုးရေးစနစ်များတွင် နည်းပညာဆန်းသစ်တီထွင်မှုများနှင့်ပေါင်းစပ်ထားသည့် စိုက်ပျိုးရေးစနစ်သည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရင်ဆိုင်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်ဖြစ်ရာ ကုန်ထုတ်စွမ်းအားမြှင့်တက်စေပြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် စိုက်ပျိုးရေးကဏ္ဍကို အကောင်အထည်ဖော်ရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် သို့ အသွင်ကူးပြောင်းရေးသည် များစွာအရေးကြီးပါသည်။ စက်မှုလယ်ယာစနစ်သည် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးတက်လာစေခြင်း၊ စွမ်းဆောင်ရည်မြင့်မားပြီး ရေရှည်တည်တံ့ခိုင်မြဲလာစေခြင်းတို့တွင် အဓိက ပါဝင်ပတ်သက်လျက်ရှိပါသည်။ ထို့အပြင် Vertical farming စနစ်ဖြင့် အသုံးပြု စိုက်ပျိုးခြင်းဖြင့်လည်း တစ်နှစ်ပတ်လုံး ထုတ်လုပ်စိုက်ပျိုးနိုင်သဖြင့် အထွက်နှုန်းမြင့်မားပြီး မိရိုးဖလာ စိုက်ပျိုးခြင်းနှင့် နှိုင်းယှဉ်ပါက ရေသုံးစွဲမှု ပိုမိုလျော့နည်းစေပါသည်။ အိမ်ခေါင်မိုးများ၊ မြေလွတ်မြေကွက်များနှင့် အထပ်လိုက် စိုက်ပျိုးသည့်စနစ်ဖြင့် စိုက်ပျိုး၍ရနိုင်မည့်နေရာများကို အသုံးချ၍ မြို့ပြတစ်ဝိုက်တွင် စိုက်ပျိုးခြင်းဖြင့်လည်း စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်စေရုံမက စားနပ်ရိက္ခာသယ်ပို့စရိတ်ကို လျှော့ချနိုင်ပြီး မြို့ပြစီးပွားရေး ဆိုင်ရာ အခွင့်အလမ်းများကို တိုးတက်လာစေနိုင်ပါသည်။

Blockchain၊ Artificial Intelligence(AI)နှင့် Internet of Things (IoT) ကဲ့သို့သော ဒစ်ဂျစ်တယ် နည်းပညာများကို ထောက်ပံ့ရေးကွင်းဆက်များ ထင်သာမြင်သာရှိမှု၊ ခြေရာခံနိုင်မှုနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မှုစသည့်နယ်ပယ်များ၌ တိုးတက်လာစေရန် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုလာခြင်းဖြင့် တောင်သူများအနေဖြင့် သီးနှံများကို စောင့်ကြည့်ခြင်း၊ စွမ်းအားစုအရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့် ဈေးကွက်များနှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ခြင်း တို့ကို ထိရောက်စွာ လုပ်ဆောင်လာနိုင်စေပါသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကြောင့် ဆိုးဝါးသော ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိစေရန်၊ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် ပြောင်းလဲနေသော ပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ရာသီဥတုနှင့်အံဝင်ခွင်ကျရှိသည့် ခေတ်မီ စိုက်ပျိုးရေး အလေ့အကျင့် များကိုလည်း ပိုမိုအာရုံစိုက်လုပ်ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် မျက်မှောက်ခေတ်တွင် ကျင့်သုံးလျက်ရှိသော ကမ္ဘာ့လူဦးရေတိုးမြင့်လာသည်နှင့် အမျှ စားနပ်ရိက္ခာလိုအပ်ချက်လည်း တစ်စတစ်စ များပြားလာလျက်ရှိရာ ခေတ်မီပြီး ရိုးရှင်းလွယ်ကူသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျင့်သုံးနိုင်ရန်မှာလည်း များစွာ အရေးကြီးပါသည်။ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာခြင်းကြောင့် အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့်အပြင် စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

မြေပြုပြင်ခြင်းမှသည် ဈေးကွက်သို့ ဖြန့်ဖြူးသည့်လုပ်ငန်းစဉ်များအထိ စက်ကိရိယာများဖြင့် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်စွမ်းအားမြှင့်မားလာစေခြင်း၊ လုပ်သားရှားပါးမှု အခက်အခဲအား ဖြေရှင်းပေးနိုင်ခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ကဲ့သို့သော စိုက်ပျိုးရေးအရင်းအမြစ်စွမ်းအားစုများအား တိကျထိရောက်

စာ - ၁၃ သို့






# ပုံစံ-၇ နဲ့ ပုံစံ-၁၀၅ ရှိရင် အိမ်ဆောက်လို့ ရပါသလား

"ပုံစံ (၇) နဲ့ (၁၀၅) ရှိရင်အိမ်ဆောက်လို့ရပါသလား" ဆိုတော့ အိမ်ဆောက်ဖို့ဆိုရင်တော့ မိမိဝယ်ယူမဲ့ မြေအမျိုးအစားကို ကွဲကွဲပြားပြားသိဖို့လိုပါတယ်။ အလွယ်ပြောရရင်တော့ လယ်ယာမြေလား၊ မြို့မြေ၊ ရွာမြေလားဆိုတာပေါ့၊ လယ်ယာမြေကို ဝယ်ယူမိရင်တော့ ချက်ချင်းတန်းပြီး အိမ် ဆောက် နေလို့ရမှာ မဟုတ်ပါဘူး။ မြို့မြေ၊ ရွာမြေဆိုရင်တော့ အိမ်ဆောက်လို့ ရနိုင်ပါတယ်လို့ အကြမ်းဖျင်း ပြောလို့ရနိုင်ပါမယ်။ မြို့မြေ၊ ရွာမြေဆိုတာလဲ အမျိုးမျိုးရှိနိုင်ပါတယ်။ သာမန်အားဖြင့်တော့ အဆောက်အဦ ဆောက်ခွင့်ရှိတဲ့ မြေမျိုးတွေပဲ ဖြစ်ပါတယ်။

ပုံစံ (၇) ဆိုတာကတော့ လယ်ယာမြေတွေ စိုက်ပျိုးလုပ်ကိုင်နိုင်ဖို့တွက် ထုတ်ပေးထားတဲ့ "လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်" ပဲ ဖြစ်ပါတယ်။ လယ်ယာမြေဆိုတဲ့ ဝေါဟာရအောက်မှာ ပါဝင်တဲ့ မြေမျိုးတွေကတော့ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်း မြေ ဟု သော် လ ည်း ကောင်း၊ ရွှေ့ပြောင်း တောင်ယာ မြေဟုသော်လည်းကောင်း သတ်မှတ်ထားသည့် မြေများ ပါဝင်ပါတယ်။ ဒီမြေမျိုးတွေ ဆိုရင်တော့ ချက်ချင်းအိမ်ဆောက် တာပဲဖြစ်ဖြစ်၊ အခြားအဆောက်အအုံ ဆောက်တာပဲ ဖြစ်ဖြစ်လုပ်လို့ ချက်ချင်းမရနိုင်ပါဘူး။ သက်ဆိုင်ရာကိုမိမိတည်ဆောက်လိုသော အဆောက်အအုံအတွက် အခြားနည်း သုံးစွဲခွင့် လျှောက်ထားပြီး ခွင့်ပြုမိန့်ရခဲ့လျှင်တော့ ဆောက်လုပ်လို့ရပါတယ်။ ဒီကိစ္စကိုတော့ နောက်မှ အခြားနည်း သုံးစွဲခွင့် ကိစ္စအတွက် သီးခြားရေးသားမှာဖြစ်ပါတယ်။

ပုံစံ(၁၀၅)ဆိုတာကတော့ အမျိုးမျိုးရှိပြီး ပုံစံမှာ ဖော်ပြထားတဲ့ "ရေးကူးခြင်း အကြောင်းအရာ" မှာ ဖော်ပြထားချက်ကတော့ ပုံစံ(၁၀၅)ရဲ့ အသက်ပဲဖြစ်ပါတယ်။ "ရေးကူးခြင်းအကြောင်းအရာ"မှာ ဖော်ပြထားတဲ့ လုပ်ငန်းကိုသာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် "နေအိမ်ဆောက်ရန်" လို့ ရေးသားဖော်ပြထားပါက ရောင်းဝယ်ရေးလုပ်ငန်းစတဲ့ အခြားသောလုပ်ငန်းတွေ ဆောင်ရွက် လို့မရနိုင်ပါဘူး။ နေအိမ် ဆောက်လုပ်ဖို့ ကိစ္စတွေပဲ လုပ်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် မြေစာရင်းပုံစံ (၁၀၅)ဆိုတာ သူတစ်ရွက်ထဲ ရပ်တည်လို့မရနိုင်ပါဘူး။ သူ့နောက်မှာ ပုံစံ(၁၀၆)ခေါ်တဲ့ မြေရာဇဝင်ဖော်ပြချက်ကို ပူးတွဲပါရှိရပါတယ်။ လယ်ယာမြေဆိုရင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) မြို့မြေ၊ ရွာမြေဆိုရင် မြေနှင့်သက်ဆိုင်တဲ့ ခွင့်ပြုမိန့်၊ ပိုင်ရေးပိုင်ခွင့် အထောက်အထား၊ ဥပမာအားဖြင့် မြေဂရန်၊ လိုင်စင်စသဖြင့် ပူးတွဲပါရှိမှသာပြည့်စုံတယ်လို့ ပြောလို့ရပါတယ်။ ဒီ မြေစာရင်းပုံစံ(၁၀၅) မှာလည်း မြေစာရင်းဌာနက ထုတ်ပေးတဲ့ (၁၀၅) နဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ခွင့်ပြုချက်နဲ့ ထုတ်ပေးရတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မှာ ကပ်တွဲထုတ်ပေးတဲ့ ပုံစံ (၇) ရယ်လို့ (၂) မျိုးရှိပါတယ်။ မြေစာရင်းဌာနက ထုတ်ပေးတဲ့ ပုံစံ (၁၀၅) ရဲ့ ဘယ်ဘက်ထောင့်မှာ ဌာနရဲ့ အမှတ်တံဆိပ် အတိုကောက်နဲ့ ညာဘက်ထောင့်မှာ ရွက်ရေအမှတ်စဉ်၊ ထိပ်ပိုင်းအလယ်မှာ အခွန်တော်တံဆိပ်ခေါင်းကပ်လျက် ပါရှိပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ခွင့်ပြုချက်နဲ့ ထုတ်ပေးရတဲ့ ပုံစံ (၇) မှာတော့ ဒီအမှတ် အသားတွေမပါရှိဘဲ လုံခြုံရေးအမှတ်အသားတံဆိပ် (Hologram တံဆိပ်) ရွှေရောင်ကပ်လျက် တစ်ခုသာ ပါရှိပါတယ်။

နောက်တစ်နည်းပြောရင် မြေစာရင်းပုံစံ (၁၀၅) ဆိုတာဟာ ဟင်းချက်ရင် မပါမပြီးတဲ့ ဆားလို ပါပဲ၊ မြေနဲ့ပါတ်သက်တဲ့ဟာ၊ မြေပေါ်မှာဆောင်ရွက်မယ့်ကိစ္စရပ်တွေအတွက် သက်ဆိုင်ရာကို တင်ပြဆက်သွယ်ဆောင်ရွက်မယ်ဆိုရင် မြေစာရင်းပုံစံ(၁၀၅)ပါကို ပါမှရပါမယ်၊ ခုနက အထက်မှာ ပြောခဲ့သလို မိမိဆောင်ရွက်လိုတဲ့ အကြောင်းအရာတွေကို "ရေးကူးပေးသည့်အကြောင်းအရာ"မှာဖော်ပြချက်အဖြစ် ရေးသားပေးမှာဖြစ်ပါတယ်။ ဒီလို ရေးသားထားတဲ့ လုပ်ငန်းဆောင်ရွက်ပြီး သွားချိန်မှာတော့ ဒီ ပုံစံ (၁၀၅)ရဲ့ အာနိသင်ဟာ ပြီးဆုံးသွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။ မြေစာရင်းပုံစံ(၁၀၅) ရရှိဘို့အတွက် မြေတည်ရှိရာ မြေစာရင်းရုံးမှာ မိမိရဲ့ ပိုင်ရေးပိုင်ခွင့် အထောက်အထား နဲ့ အတူ လျှောက်လွှာပုံစံ (၁၀၃) နဲ့လျှောက်ထားရယူနိုင်ပါတယ်။ မြေပုံရေးကူးခကိုတော့ သတ်မှတ် နှုန်းထားအတိုင်း ဌာနရဲ့ ရငွေစာရင်းကို ပေးသွင်းရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကြားဖြတ်တင်ပြလိုတာက မြေစာရင်းပုံစံ (၁၀၅) ဟာ ရေးဆွဲပေးခြင်း (Draw) မဟုတ်ပါဘူး။ ရေးကူးပေးခြင်း (Copy) သာ ဖြစ်ပါတယ်။ တည်ဆဲနှစ်အတွင်း သုံးစွဲနေတဲ့ စာရင်းမြေပုံပေါ်ကနေ ကာယကံရှင် လျှောက်ထားလာတဲ့ အစိတ်အပိုင်းကိုကွက်ပြီး ကောက်နုတ်ချက်အဖြစ် တည်ရှိမှတ်သားထား သည့်အတိုင်း ရေးကူးပေးလိုက်ခြင်းသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပုံစံ(၁၀၅)တစ်ရွက်တည်းနဲ့ကိုတော့ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရရှိနေပြီးလို့ လုံးဝမှတ်ယူလို့ မရနိုင်ပါဘူး။ ရှေ့ဆက်ဆောင်ရွက်မဲ့ လုပ်ငန်း တစ်ခုအတွက် ကာယကံရှင်၏ လျှောက်ထားမှုအပေါ် ဆက်လက်ဆောင်ရွက်နိုင်ရန်ရေးကူးပေး လိုက်ခြင်းသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရှေ့ဆက်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးလိုက်ခြင်းသာ ဖြစ်ပါတယ်။

ဒါ့အပြင် ရေးကူးထုတ်ပေး ထားတဲ့ မြေစာရင်းပုံစံ(၁၀၅) ဟာ တည်ဆဲနှစ်အတွင်းဖြစ်ဖို့ လိုပါတယ်။ အကြမ်းဖျဉ်းအားဖြင့် ၁ နှစ်အတွင်း ဖြစ်ရပါမယ်။ ဘာကြောင့်လဲဆိုတော့ မြေစာရင်း ပုံစံ(၁၀၅)ရဲ့ အဓိပ္ပာယ်ဖော်ပြချက်က "တည်ဆဲနှစ်အတွင်း အသုံးပြုလျက်ရှိသော စာရင်းမြေပုံ၏ ကောက်နုတ်ချက်မိတ္တူမှန် ဖြစ်သည်"လို့ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေမှာ ပြဋ္ဌာန်းထားလို့ပဲဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်နှင့်အညီ စာရင်းမြေပုံကို ကိုင်တွယ်ထိန်းသိမ်းတဲ့ ဌာနတွေ မှာ နှစ်စဉ်မြေပုံများကို Update ဖြစ်နေအောင်၊ အမြဲမှန်ကန်နေအောင် နည်းစနစ်တကျ ဆောင်ရွက် နေကြရလို့ပဲဖြစ်ပါတယ်။ ဌာနများအနေဖြင့် ခွင့်ပြုရန်ပုံငွေ၊ ဝန်ထမ်းအင်အား၊ မြေတိုင်းပစ္စည်း အင်အား ထုတ်နုတ်နိုင်မှုအပေါ်မူတည်ပြီး အသုံးပြုလျက်ရှိတဲ့ မြေပုံကို အနည်းနဲ့အများဆိုသလို အချိန်နှင့် တစ်ပြေးညီလိုက်နာပြင်ဆင်ပေးနေကြရလို့ပဲဖြစ်ပါတယ်။ မြေပုံကြီးတစ်ခုလုံး ပြင်ဆင်ခြင်း မပြုနိုင်ရင်တောင်မှ ပြင်ဆင်ရမဲ့ အစိတ်အပိုင်းကိုတော့ ကွက်ပြီး သုံးစွဲနေတဲ့ မြေပုံပေါ်မှာ မပျက် မ

စာ-၁၃ သို့






## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများ အရ ရွှေဘိုပေါ်ဆန်း ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၀၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၇၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၆၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ် လျှင် ၇၁၀၀၀ ကျပ်နှင့်အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီး ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ လျှပ်စစ်မီးအခက်အခဲကြောင့် စပါးကြိတ်ခွဲ ရရှိမှုနည်းခြင်း၊ မိုးရွာသွန်းမှုများကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းခြင်း၊ သယ်ယူပို့ဆောင် စရိတ်များ ဈေးမြင့်နေခြင်းတို့ကြောင့် ဆန်ချော၊ ဆန်ကြမ်းများအားလုံး ဈေးမြင့်လျက်ရှိပြီး စားသုံးသူများမှ ပုံမှန်ဝယ်ယူမှုသာရှိခြင်း၊ ပြည်ပတင်ပို့မှုမှာလည်း ပုံမှန်သာရှိခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးလျက်ရှိသည်။ ပြင်ပရှိ လက်လီ ဈေးကွက်တွင်မူ ဖော်ပြပါဆန်ဈေးနှုန်းများထက် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ မှ ၅၀၀၀၀ ကျပ်ခန့်အထိ ဈေးမြင့်ကွာဟလျက်ရှိသည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် ဆန် တစ်ပြည်လျှင် အနိမ်ဆုံးဈေးနှုန်းမှာ ၃၅၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးမှာ ၈၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်း များဖြင့် ဆန်ဝယ်ယူစားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန်တိုင်း ဒေသကြီး အတွင်း မြို့နယ် ၁၈ မြို့နယ်ရှိ အသင်းဝင်ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ နေ့မှစတင်ကာ အပတ်စဉ် (သောကြာ၊ စနေ၊ တနင်္ဂနွေ) နေ့များတွင် ဆန်ရောင်းချပေးလျက်ရှိသည်။ ၎င်းဧည့်မထဆန်များအား စားသုံးသူများမှ ကြိုက်နှစ်သက်မှုနည်းကာ အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ရသော ကာလဖြစ်ခြင်း၊ ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်အချို့မှ တင်ပို့မှုရှိခြင်း၊ ထိုင်းနယ်စပ်တွင် ပြောင်းဈေးမြင့်လာခြင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့ရာ တွင် (ကွန်တိန်နာ)ကုန်သေတ္တာရရှိမှုနှင့် ရာသီဥတုအပေါ် ချိန်ဆ၍ အချိန်မီဆောင်ရွက်ရခြင်းကြောင့် ရန်ကုန်ဝန်းကျင်ရှိဒေသများမှ ပြောင်းများအား ဈေးကောင်းပေးဝယ်ယူမှုရှိလာခြင်းစသည့် အခြေအနေများကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့ ခြင်း ဖြစ်သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၄၂၆၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၆၈၀၄၀ ကျပ်ဖြစ်သည်။ သယ်ယူစရိတ်မြင့်မားခက်ခဲသော ဒေသများတွင်မူ အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ဈေးနိမ့်လျက်ရှိသည်။ အချို့ဒေသများတွင်မူ တောင်သူများလက်ဝယ်ရှိ ပြောင်းများအား အနိမ့်ဈေးဖြင့်ရောင်းချပြီးပါမှ ဈေးမြင့်လာခြင်းကြောင့် တောင်သူအများစုမှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး လက်ရှိတွင် မျိုးစေ့နှင့် မြေသြဇာဈေးမြင့်နေခြင်းကြောင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုမှာလည်း လျော့နည်းလာဖွယ် ရှိကြောင်းသိရှိရသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီ၊ ပန်းတနော်ငရုတ်များ ဈေးကွက်သို့ ကုန်အဝင်ရှိ သော်လည်း မိုးရွာသွန်းမှုများကြောင့် ကုန်အဝင်နည်းလာကာ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ငရုတ်ခြောက် (ပွ)မှာ မြစ်ဝ(ပု)နှင့် ဆင်ဖြူကျွန်း ငရုတ်များဈေးကွက်သို့ ကုန်အဝင်နည်း သော်လည်း ဈေးမြင့်လျက်ရှိခြင်းကြောင့် စားသုံးသူများမှ ဝယ်လိုအားနည်းကာ ယခင်အပတ် ဈေးနှုန်းများဖြင့်သာဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ငရုတ်ခြောက်(ရှည်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၁၅၀-၁၂၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေး နှုန်းမှာ ၅၄၀၀-၁၂၀၀၀ ကျပ်ဖြစ်သည်။ ကြက်သွန်နီ (ထူ၊လတ်၊ သေး)မှာ ဆိပ်ဖြူ၊ မြင်းခြံ၊ မင်းဘူး၊ ရွှေဘို၊ မုံရွာ၊ တောင်သာ ဒေသများမှ ကုန်ဝင်နည်းလာခြင်း၊ စားသုံးသူများမှ အသေးစများအား ဝယ်လိုအားနည်းခြင်းတို့ကြောင့် ကြက်သွန်နီ(သေး)မှာ ဈေးငြိမ်နေခဲ့ပြီး (ထူးနှင့်လတ်)မှာ ယခင် အပတ်ထက်အနည်းငယ်ဈေးမြင့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၁၂၅-၂၀၂၅-၁၆၂၅ ကျပ်ဖြစ်ပြီး ယခုအပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၁၇၅-၂၀၆၃-၁၆၂၅ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ ရာသီကုန်ချိန်ဖြစ်၍ ဈေးကွက်သို့ကုန်အဝင်နည်းသော်လည်း အဝင်ရှိသလောက် အဝယ်ရှိနေခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်) မှာ ယခင်အပတ်ထက် ကုန်အဝင်အနည်းငယ် ပိုလာခြင်း၊ ရှမ်းကြက်သွန်ဖြူထက် ဈေးမြင့်နေခြင်းကြောင့် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၉၇၅၀ကျပ်ဖြစ်ပြီး ယခုအပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၁၁၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၁၇၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၁၁၅၅၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ အာလူးဈေးနှုန်းများမှာ ရှမ်းအာလူးများ ဈေးကွက်သို့ ကုန်အဝင်နည်း နေချိန်ဖြစ်ခြင်းနှင့် တရုတ်အာလူးများ ကုန်အဝင်လိုင်နေချိန်ဖြစ်ခြင်း၊ စားသုံးသူများမှ အဝယ် သွက်ခြင်း၊ တင်သွင်း၊သယ်ယူစရိတ် များ ဈေးမြင့်နေခြင်း တို့ကြောင့် တရုတ်အာလူးများ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ တရုတ်အာလူး (အက်စ်ဝမ်း၊ အိုကေ၊ အေဝမ်း) တစ်ပိဿာ လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၉၀၀-၁၉၀၀-၁၆၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၂၅၀-၂၂၅၀-၁၈၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၂၇၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းမှာ ၅၂၀၀ ကျပ်ဖြစ်သည်။ ယခင် အပတ်ထက် တစ်ပိဿာလျှင် ၇၀ ကျပ် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချပေးလျက်ရှိသည်။

**အေးသန္တာဝင်း**




## ဆန်

ရွှေဘိုပေါ်ဆန်းမှာစိုက်ကေနည်း အထွက်နည်း၊အဝင်နည်းခြင်း၊မြို့တွင်းစားသုံးရန်ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့်တစ်အိတ် ၁၅၀၀၀၀ ကျပ်မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ရန်ကုန်ပေါ်ဆန်းမှာအဝင်နည်း လက်ကျန်နည်းသော်လည်းမြို့တွင်း စားသုံးမှုသာရှိခြင်းကြောင့်တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့်ဈေးငြိမ်နေသည်။

မနောသုခဆန်မှာအဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိပြီး မိုးစပါးပြင်ဆင်ချိန်ဖြစ်၍ တစ်အိတ် ၉၄၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေသည်။

ငစိန်ဆန်မှာလုပ်ငန်းသမားအဝယ်ရှိခြင်း၊ အဝင်နည်းသွားခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ ကျပ်မှ ၈၂၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။ ဧယာဆန်မှာရန်ကုန်မှတစ်ဆင့်ဝင်ရောက်ခြင်း၊ ပင်ရင်းဈေးမြင့်ခြင်း၊ နယ်ဝေးတင်ပို့မှုအနည်းငယ်ရှိခြင်း တို့ကြောင့် ၈၈၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။

ဧရာမင်းဆန်မှာအဝင်ပုံမှန်၊မိုးစပါးစိုက်ချိန်နီးသဖြင့်တောင်သူထုတ်ရောင်းမှုရှိခြင်းကြောင့်ဆန်အရည်အသွေးပေါ်မူတည်၍ ၁၂၅၀၀၀ ကျပ်မှ ၁၄၅၀၀၀ ကျပ်ထိဈေးအမျိုးမျိုးနှင့်ရောင်းဝယ်နေသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်)မှာအဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ရ၂၀၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေပြီးမြေပဲ(ဆီဆန်) အဝင်နည်းသွားခြင်း၊ ဆောင်းလက်ကျန်နည်းပြီးမိုးမြေပဲစိုက်ချိန်နီးခြင်း၊ ဆီစက်သမား အဝယ်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၆၆၀၀၀၀ ကျပ်မှ ၆၇၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

နှမ်းဖြူမှာနွေနှမ်းမဝင်သေးခြင်း၊ လုပ်ငန်းသမားနှင့်တရုတ်ဝယ်လက်ရှိခြင်းကြောင့် ၄၅ ပိဿာ ၃၈၅၀၀၀ ကျပ်မှ ၃၉၅၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။

နှမ်းညိုမှာအဝင်ပုံမှန်၊ ဆီစက်များအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၀၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ဆောင်းနှမ်းသစ်များ အရည် အသွေးကောင်းသောကြောင့် ၃၃၅၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ နှမ်းနက်(စပုံ)မှာ လက်ကျန်နည်းခြင်း၊ တရုတ်ဝယ်လက်နှင့် လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့်အပေါင်း ၄၅ ပိဿာ ၄၃၀၀၀၀ ကျပ်၊ အသစ်များ ၄၅၀၀၀၀ ကျပ်ထိဈေးမြင့်နေသည်။

ပန်းနှမ်းမှာမူ ရောဆီနှင့် ဘယဆေးသမားအဝယ်နည်းသော်လည်း၊ အဝင်နည်းခြင်းကြောင့် ၄၅ ပိဿာ ၂၀၇၀၀၀ ကျပ်ဖြင့်ဈေးငြိမ်နေသည်။

ဆီနေကြာများမှာဆောင်းနေကြာအဝင်နည်းခြင်း၊ မိုးစိုက်ပြင်ဆင်ချိန်ဖြစ်ခြင်းကြောင့်၊ဆီစက်အဝယ်နည်းသော်လည်း၂၇ပိဿာ၂၀၇၀၀၀ကျပ်ဖြင့်ဈေးငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

ကိုင်းတန်းဈေးတွင် ကြက်သွန်နီမှာ မုံရွာ၊မြင်းမူ၊ ရွှေဘိုနှင့် မြစ်သားနယ်စုံမှဝင်ရောက်ပြီး ရုံဖန်ရုံခါလားရှိုးဘက်သို့ တင်ပို့ရမှုမှရှိပြီး မြို့တွင်းသုံးသာရှိခြင်း၊ ဆောင်းလက်ကျန်များ အရည်အသွေး ညံ့သွားခြင်းကြောင့် ဈေးကွာခြားမှုမရှိဘဲ ကြီးတစ်ပိဿာ ၂၃၀၀ ကျပ် လတ်တစ်ပိဿာ၂၀၀၀ ကျပ် သေးတစ်ပိဿာ ၁၇၀၀ကျပ်ဖြင့်ရောင်းဝယ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်း၊ ရှမ်းဖြူများလည်း အဝင်များခြင်းကြောင့် တစ်ပိဿာ ၁၁၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်သွေးပေါ်မူတည်၍ အညံ့ဆုံးတစ်ပိဿာ ၉၀၀၀ ကျပ်မှ အကောင်းဆုံး ၁၂၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိနေ သည်။

အာလူးမှာအောင်ပန်း၊ ပြင်ဦးလွင်တို့မှ မဝင်သေးခြင်း၊ ဘန့်သွေးအာလူးအဝင် နည်းခြင်းကြောင့် အိုကေတစ်ပိဿာ ၁၈၀၀ ကျပ်မှ ၂၈၀၀ ကျပ်၊ အေဝမ်း တစ်ပိဿာ ၂၆၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။

ချင်းဈေးနှုန်းအနေဖြင့် ချင်းစိုက်ချိန်ဖြစ်၍လက်ကျန်အရည်အသွေးကောင်းရှားခြင်း၊ဘင်္ဂလားပို့ရန် ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၈၅၀၀ ကျပ်ဖြင့်ဈေးငြိမ်နေသည်။

## ပဲမျိုးစုံ

မတ်ပဲ ရန်ကုန်ဝယ်လက်ရှိခြင်း၊ ငွေဈေးအတက်အကျရှိခြင်း၊အဝင်နည်းသွားခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၃၀၃၀၀၀ ကျပ်မှ ယခုအပတ် ၃၁၅၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။

ပဲတီစိမ်း(ရွှေဝါ)မှာအဝင်နည်းခြင်း၊ အရောင်းအဝယ်ဖြစ်မှုနည်းခြင်းကြောင့် တစ်အိတ် ၂၁၄၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေပြီး၊ ပဲတီစိမ်း(အညာ)မှာ အရောင်းအဝယ်ပုံမှန်ရှိသော်လည်း ဆောင်းလက်ကျန်နည်းပြီး မိုးပဲစိုက်ချိန်ဖြစ်၍ ၁၉၀၀၀၀ ကျပ်မှ ၁၉၅၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာလည်းစိုက်ဧကနည်း၊ အထွက်နည်း၊ အဝင်နည်းခြင်း၊ စိုက်ပျိုးရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ ပြည်ပပို့ရန် ရန်ကုန်ဝယ်လက်ရှိခြင်း၊ ငွေဈေးအတက်အကျရှိခြင်းကြောင့် ပဲစဉ်းငုံ(ဖြူ)၃တင်း တစ်အိတ် ၃၉၀၀၀၀ ကျပ်မှ ၄၀၅၀၀၀ ကျပ် ပဲစဉ်းငုံ(နီ) ၄၁၀၀၀၀ ကျပ်မှ ၄၂၀၀၀၀ ကျပ် သို့ဈေးမြင့်နေသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ ဆောင်းလက်ကျန်နည်းပြီးမိုးပဲစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်းကြောင့် လုပ်ငန်းသမား အဝယ်နည်းသော်လည်း ပဲပုတ်(မြန်မာ)တစ်အိတ် ၁၈၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် အေးနေသည်။ ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃ တင်း တစ်အိတ် ၁၇၈၀၀၀ ကျပ်မှ ၁၈၇၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ကုလားပဲ (လုံးဖြူကြီး/လုံးဝါကြီး) တို့မှာပြည်ပပို့ရန် ရန်ကုန် ဝယ်လက်ရှိခဲ့ခြင်း၊ အဝင်နည်းခြင်း၊ လုပ်ငန်းသမားနှင့် ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် လုံးဖြူကြီး ၃တင်း တစ်အိတ် ၂၅၃၀၀၀ ကျပ်ထိ ဈေးမြင့်သွားပြီး လုံးဝါကြီးမှာ ၂၂၉၀၀၀ ကျပ်မှ ၂၃၂၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ခွဲခြမ်းမှာမူ အနိမ့်ဈေးဖြင့် ကြိတ်ခွဲထားသော လက်ကျန်များဖြစ်၍ တစ်ပိဿာ ၅၅၅၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်းမှာ အဝင်နည်းသွားခြင်း၊ ပဲခွဲစက်နှင့်ကြာဇံသမားများ အဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၁၄၈၀၀၀ ကျပ်မှ ယခုအပတ် ၁၆၃၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး မြေထောက်ပဲနှင့် စားတော်ပဲ (ကျွန်း)မှာ ပဲကြော်သမား၊ လက်လီသမားအဝယ်နည်းခြင်းကြောင့် မြေထောက်ပဲတစ်အိတ် ၃၃၀၀၀၀ ကျပ်မှ ၃၁၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး စားတော်ပဲ(ကျွန်း)မှာ ၂၅၅၀၀၀ ကျပ်မှ ၂၅၀၀၀၀ ကျပ်သို့ မသိမသာနိမ့်သွားသည်။

ပဲလွန်းဖြူ/ပဲလွန်းပြာတို့မှာ ဆောင်းလက်ကျန်နည်းခြင်း၊ မိုးပဲအတွက် မျိုးဝယ်ယူမှုရှိခြင်း၊ လက်လီသမားအဝယ်ရှိခြင်းကြောင့် ပဲလွန်းဖြူ ၃ တင်းတစ်အိတ် ၂၀၀၀၀၀ ကျပ်မှ ၂၃၀၀၀၀ ကျပ် ပဲလွန်းပြာ ၁၇၅၀၀၀ ကျပ်မှ ၂၀၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲကြီး (ကြီး/သေး)လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ပဲကြီး (ကြီး) ၃တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ် ပဲကြီး(သေး) ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ထောပတ်ပဲ(ကြီး/သေး)တို့မှာ ဆောင်းလက်ကျန်နည်းခြင်း၊ မိုးပဲစိုက်ချိန်ဖြစ်ခြင်း၊ ပြည်ပပို့ရန် အဝယ်ရှိခဲ့ခြင်းကြောင့် ထောပတ်ပဲ(ကြီး) တစ်အိတ် ၄၁၅၀၀၀ ကျပ်မှ ၄၅၀၀၀၀ ကျပ် ထောပတ်ပဲ(သေး) ၃၇၀၀၀၀ကျပ်မှ ၄၂၀၀၀၀ ကျပ်သို့ ဈေးများစွာမြင့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

ခရမ်းချဉ် (ရှမ်းတောင်) တစ်မျိုးထည်းသာဝင်ရောက်သဖြင့် ၂၀ ပိဿာ တစ်သေတ္တာ ၆၀၀၀၀ ကျပ်ထိဈေးမြင့်နေသည်။ ငရုတ်စို (ရှည်)မှာ ရွှေဘိုဘက်မှ အဝင်နည်းခြင်းကြောင့် တစ်ပိဿာ ၄၀၀၀ ကျပ်၊ မုံရွာ/ချောင်းဦးမှ ငရုတ်စို (လက်) တစ်ပိဿာ ၇၀၀၀ ကျပ်ထိဈေးမြင့်နေသည်။

ပန်းမုံလာတစ်ပွင့် ၁၅၀၀ကျပ် ဂေါ်ဖီတစ်ထုပ် ၂၀၀၀ကျပ်၊ ဘိုစားပဲသီး တစ်ပိဿာ ၉၀၀၀ ကျပ်ထိ အသီးသီးဈေးမြင့်နေသည်။

ယခုအပတ် သီပေါနာနတ်သီးများ လှိုင်လှိုင်ဝင်ရောက်ပြီအရည်အသွေးပေါ်မူတည်၍ တစ်လုံး ၅၀၀ မှ ၈၀၀ ထိ အဝယ်များနေသည်။ ဖရဲသီးဝင်ရောက်မှုနည်းပြီး တစ်လုံး ၃၀၀၀ ကျပ်ထိ ဈေးမြင့်နေသည်။ စိန်တစ်လုံးသရက်သီးများ လှိုင်လှိုင် ဝင်ရောက်ပြီး တစ်လုံး ၂၀၀ကျပ်မှ စ၍အိတ်စွပ်သီးတစ်လုံး ၇၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ရမည်းသင်း ပျော်ဘွယ် စပျစ်သီးများ တစ်ပိဿာ ၆၀၀၀ ကျပ်ဖြင့် မန္တလေးတိုင်းတွင်း မြို့များမှ မှာယူတင်ပို့ရမှုရှိသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

ငါန်းဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ သုတလင်၊ မုံရွာ ဂျုံများမှာ အဝင်ပုံမှန် ဂျုံစက်များ ဝယ်ယူမှု ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ်

စာ-၁၃ သို့

စာ-၈ မှ

စွာအသုံးချနိုင်ခြင်း၊ လုပ်ကွက်ငယ်လယ်ယာမြေများမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သော လယ်ကွက်ကြီးများအထိ လိုက်လျောညီထွေဖြစ်စေနိုင်ခြင်း၊ GPS ၊ အာရုံခံကိရိယာများနှင့် အချက်အလက်ခွဲခြမ်း စိတ်ဖြာမှုကဲ့သို့သော အဆင့်မြင့်နည်းပညာများကို ပေါင်းစပ်အသုံးချခြင်းဖြင့် အချက်အလက်များကို အသုံးချ၍ ဆုံးဖြတ်ချက်ချခြင်းနှင့် ပိုမိုကောင်းမွန်သော လယ်ယာစီမံခန့်ခွဲမှုတို့ကို လုပ်ဆောင်နိုင်စေခြင်း စသည့် အားသာချက်များကို စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကျင့်သုံးခြင်းဖြင့် မလွဲမသွေရရှိနိုင်မည်ဖြစ် ပါသည်။

စက်ကိရိယာများအတွက် ကနဦးရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သည် မြင့်မားနိုင်သည့်အတွက် လုပ် ကွက်ငယ်တောင်သူများအနေဖြင့် ရင်းနှီးမြှုပ်နှံရာတွင် အခက်အခဲဖြစ်စေနိုင်ခြင်း၊ စက်ကိရိယာများ ပုံမှန် ထိန်းသိမ်းပြုပြင်ရေးအတွက်ကုန်ကျစရိတ် နှင့် နည်းပညာလိုအပ်ခြင်း၊ စက်မှုလယ်ယာစနစ်သည် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားနေရပြီး လောင်စာဆီ ဈေးနှုန်းအတက်အကျနှင့် ရုပ်ကြွင်းလောင်စာ များ တိုး မြှင့် အ သုံး ပြု ရ ခြ င်း ကြောင့် မြေဆီလွှာသိပ်သည်းခြင်းနှင့် ဂေဟစနစ်ကို ထိခိုက်စေနိုင်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုကို ဖြစ်စေနိုင်ခြင်း စသည့် အဟန့်အတားများရှိနိုင်ခြင်း၊ တောင်သူများနှင့် လုပ်သားများအား စက်ကိရိယာများကို ထိရောက်စွာ မောင်းနှင်အသုံးချတတ်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ခြင်း စသည့် အားနည်းချက်များကိုလည်း တွေ့ကြုံ ရနိုင်ပါသည်။

အဆိုပါအားနည်းချက်များကြုံတွေ့ရနိုင်သည့်နည်းတူ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံး ခြင်းဖြင့် ကုန်ထုတ်စွမ်းအားကို တိုးမြှင့်စေနိုင်သဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် အ ထော က် အ ကူ ပြု စေ နိုင် သ ည့် အခွင့်အလမ်းများကိုလည်း ရရှိစေနိုင်ပါသည်။ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများအား တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်စေရန်အတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် အတိုးနည်းချေးငွေများကဲ့သို့သော ငွေကြေးဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များ စသည့် မက်လုံးများပံ့ပိုးပေးခြင်း၊ နည်းပညာဆိုင်ရာ အကူအညီများပေးခြင်း၊ အကျိုးရှိထိရောက်မှုရှိစေသည့် စက်ကိရိယာများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်ဖြန့်ဖြူးမှုကို အားပေးရန်အတွက် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သူများ အတွက် အခွန်မက်လုံးများပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့်လည်း စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင် ပါ သ ည်။ ကု န် ထု တ် စွ မ်း အား ကောင်းမွန်လာစေခြင်းဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် တောင်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်း ကို မြှင့်တင်နိုင်ပြီး ဝင်ငွေတိုးမြင့်လာစေနိုင်သကဲ့သို့ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထပ်မံ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဖြင့် စက်မှုလယ်ယာနည်းပညာများ တီထွင်ဆန်းသစ်မှုများကြောင့် လက်ရှိ စိုက်ပျိုးရေးစနစ်၌ တွေ့ကြုံနေရသောစိန်ခေါ်မှုများကိုထိရောက်စွာဖြေရှင်းနိုင်မည့်အခွင့်အလမ်းများလည်း တိုးတက်လာစေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာကဏ္ဍကို အဆင့်မြှင့်တင်ရာတွင် ကမ္ဘာတစ်ဝှမ်းရှိ တောင်သူများ ရင်ဆိုင်နေရသော ထူးခြားသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရန်လိုအပ်သလို ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းအတွက် ရိုးရှင်းပြီး မရှိမဖြစ်လိုအပ်သောဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရေးအတွက် အစိုးရ၊ စက်မှုလုပ်ငန်းရှင်များနှင့် တောင်သူများ၏ ပူးပေါင်းအားထုတ်မှု များဖြင့် စိုက်ပျိုးရေးကဏ္ဍကို ထိရောက်ပြီး ရေရှည်တည်တံ့သော စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်သည့် အခြေအနေအဖြစ်သို့ရောက်ရှိအောင် အဖက်ဖက်မှ ဝိုင်းဝန်းတွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**အေးအေးသက်(စက်မှုလယ်ယာ)**

Analysis_Opportunities_Constraints_for_Production_Income_Growth_in_Rural_Myanmar_IFPRI_ENG_Jan2021.pdf , ChatGPT

စာ-၉ မှ





ကွက် လိုက်နာမှတ်သားလျက် ရှိကြပါတယ်။ လူနေမှုစနစ် တိုးတက်လာသည်နှင့်အမျှ လမ်းမကြီး များ တိုးချဲ့ဖောက်လုပ်ခြင်း၊ တာဝါတိုင် အမျိုးမျိုးများ တိုးတက်တိုင်ထောင်ခြင်း၊ မြို့ရွာများ တိုးချဲ့ခြင်း စတာတွေဟာ မြေကြီးမြေပုံကို ပြောင်းလဲမှုဖြစ်စေပါတယ်။ ဒါ့ကြောင့် ပုံစံ(၁၀၅)ရဲ့ သက်တမ်းဟာ ၁ နှစ်လို့ အကြမ်းဖျဉ်း ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ပြောရရင်တော့ ပုံစံ(၇)နဲ့(၁၀၅) ရဲ့ သဘောတရားတွေကိုအများနားလည် လွယ်အောင် အထက်ပါအတိုင်း ရေးသားတင်ပြပေးခြင်းသာ ဖြစ်ပြီး "ပုံစံ(၇)နဲ့(၁၀၅) အိမ်ဆောက် နေလို့ ရပါသလား" လို့ မေးရင် **"မရနိုင်သေးပါဘူး"** လို့ဘဲ အလွယ်ကူဆုံး အဖြေထုတ်ပေးရမှာပဲ ဖြစ်ပါတယ်။

**ကိုကိုဦး**

စာ-၁၂ မှ

၁၆၀၀၀၀ ကျပ်၊ ရှမ်းဂျုံ တစ်အိတ် ၁၄၀၀၀၀ ကျပ်၊ ကလေးဂျုံ တစ်မိတ် ၁၃၀၀၀၀ ကျပ်၊ သြစတေးလျ ဂျုံမှုန့် တစ်ပိဿာ ၃၃၀၀ကျပ်၊ ဂျုံဖွဲ့ တစ်ပိဿာ ၁၃၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းမှာ ဆောင်းလက်ကျန်နည်းပြီး၊ မိုးစိုက်အတွက် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ အိန္ဒိယပို့ရန် အဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ယခင်အပတ် ၅၉၀၀၀ ကျပ်မှ ယခုအပတ် ၆၅၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။

**ခင်မေကြည်**

Agribiz News www.agribiznews.com.mm ကြံ့ခိုင်သတင်း

စာ-၁၀ မှ

အခြားတက္ကသိုလ်များစွာမှ ဦးကြည်စိုး၊ ဦးကိုကိုလွင်၊ ဦးဘုန်းနေထွန်း စသည်ဖြင့် မဟာသိပ္ပံ၊ ပါရဂူဘွဲ့များစွာ ရရှိခဲ့ပါသည်။ (ကျန်သွားသူများ အမည်မမှတ်မိတာ ကို ခွင့်လွှတ်ပေးပါရန်)

ကျွန်တော်တို့နိုင်ငံကို ဂျာမန်အပြည်ပြည်ဆိုင်နည်းပညာ အကူအညီပေးရေးအဖွဲ့ (German Academic Exchange Service - DAAD) က စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော နှင့် ဆက်စပ်ဘာသာရပ်များကို ယနေ့အထိ ပညာသင်ဆုများစွာပေးပြီး သင်ကြားပေးခဲ့ရာ အလွန်ကျေးဇူးတင်စရာ ကောင်းလှပါသည်။ ယခု ထိုနိုင်ငံ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဗီယက်နမ်နိုင်ငံ၊ ထိုင်း ငုယင်စိုက်ပျိုးရေး နှင့်သစ်တော တက္ကသိုလ် (Thai Nguyen University of Agriculture and Forestry, Vietnam) တွင် မဟာသိပ္ပံပညာ ကမ်းလှမ်းရာ ဗီယက်နမ်သို့ မြန်မာကျောင်းသား၊ ကျောင်းသူများ သွားရောက် သင်ကြား နေရပါပြီ။

ကျွန်တော့်တက္ကသိုလ်မှ သင်ကြားနေသည့် စနစ်များမှ မြန်မာနိုင်ငံအတွက်စိတ်ကူးတစ်ခုရရှိခဲ့ပါသည်၊ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများတွင် ဂျာမန်စာ (German Program)၊ အင်္ဂလိပ်စာ (English Program) အစီအစဉ် ၂-ခုရှိပါသည်၊ ကြိုက်နှစ်သက်ရာ ပုံစံကို နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူများ (International Students) အဆင်ပြေစေရန်အတွက် စီစဉ်ထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း လက်ရှိ အင်္ဂလိပ်လို သင်ကြားသည့် ပုံစံအပြင် ကျွန်တော် တို့ ခေတ်တုန်းကလို မြန်မာလို သင်သည့် အစီအစဉ် တ စ် ခု ပါ ထ ည့် သွ င်း လို က် ပါ က ကျောင်း သား၊ ကျောင်းသူများ စိတ်ကြိုက် ရွေးချယ်ခွင့် ရမလားဟူ၍ပါ၊ အတွေးစ တစ်ခုပါ။

ကျွန်တော်တို့ ခြေလှမ်းပေါင်းများစွာ အပြေးလိုက်ရပါဦးမည်။ စိတ်ဓာတ် ကျစရာမလိုပါ။ နှောင်တစ်ချိန် ဟိုအရင် ၁၉၆၂ ခုနှစ်မတိုင်မီ ထိုင်း၊ မလေးရှားမှ ကျောင်းသားများ ရန်ကုန်တက္ကသိုလ်သို့ လာရောက်သင်ကြားခဲ့ရသလို ပြန်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားရပါမည်။ တစ်ဦးတယောက်အားနှင့် ယူသော်မရ၊ စုပေါင်းအားနှင့် ယူပါက မလွဲ မသွေရောက်ရှိလာပါမည်။ ကျန်နိုင်ငံများမှ စိုက်ပျိုးရေး၊ မွေးမြူရေး တက္ကသိုလ်များအကြောင်း ဆက်လက်ရေးသားပါဦးမည်။

(ဆက်လက်ဖော်ပြပါမည်)




မိုးဦးရာသီတွင် သင်းပျံ့သည့် မိုးရနံ့တို့နှင့်အတူ မိုးလေးတဖွဲဖွဲကျလာချိန်တွင် မာလာဖူးလေးတွေလည်း အစီအရီ ထွက်ပေါ်လာပါပြီ။

မာလာဖူးကို မာလာပန်း၊ တောက်တာဖူးဟုလည်း လူသိများကြပြီး ရာသီပေါ် ဆေးဖက်ဝင် ဟင်းသီးဟင်းရွက် အဖြစ် တန်ဖိုးထား စားသုံးလေ့ရှိကြ၏။ မာလာဖူး၏ အင်္ဂလိပ်အမည်မှာ zedoary, White turmeric နှင့် mango ginger ဟုခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ Curcuma zedoaria (Christm.) Roscoe ဖြစ်ကာ နနွင်း၊ ချင်း (ဂျင်း) တို့နှင့် မျိုးရင်းတူသည့် Zingiberaceae တွင်ပါဝင်၏။ မာလာဖူးသည် အပူပိုင်းရာသီဥတုရှိသည့် ဒေသများဖြစ်သည့် အိန္ဒိယ တိုက်ငယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် နီပေါလ်၊ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများ၊ မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် သဘာဝအလျောက် ပေါက်ရောက်ဖြစ်ထွန်း၏။

အမြင်ဆန်းပြီး လှပသည့် မာလာဖူးပန်းခိုင်လေးများ၏ ထိပ်ဖျားပိုင်းတွင် ခရမ်းသွေးခြယ်သည့် အရောင်ရှိ၏။ မာလာဖူးပန်းခိုင်လေးများ ထွက်သည့် အပင်သည် နှစ်ရှည်ခံပင်ပျော့မျိုးဖြစ်ပြီး မြေအောက်ပင်စည်ရှိ၏။ မြေကြီး အောက်ရှိ ဥယောင်ပင်စည်မှ ပန်းခိုင်ထွက်၏။ အရိပ်အောက် အလင်းရောင်ရသည့် အနေအထား၊ စွတ်စိုပြီး ဒီရေ အတက်အကျ ရှိသည့် မြေကြီး၊ နှစ်သက်သည့် အပူချိန်၊ လုံလောက်သည့် မိုးရေချိန်တို့ရှိသည့် မုတ်သုန်သစ်တောကဲ့သို့ ဂေဟစနစ် ရှိသည့်နေရာမျိုးသည် မာလာဖူးပန်းခိုင်ထွက်သည့် မြေအောက်ပင်စည်တို့အတွက် သဘာဝအတိုင်း ပြန့်ပွား ပေါက်ရောက်ရန် အကောင်းဆုံးအနေအထားဖြစ်၏။ မြန်မာနိုင်ငံတွင်လည်း ယခုလို မိုးဦးကျရာသီတွင် မာလာဖူး ပန်းခိုင်လေးများ နိုင်ငံတစ်ခွင်လုံးအနှံ့ လှိုင်လှိုင် ပေါ်လာပြီဖြစ်၏။

အာရှလူမျိုးများအတွက် မာလာဖူးကို ဟင်းလျာချက်ပြုတ်စားသုံးခြင်းမှသည် ဆေးဝါးအဖြစ် ပြောင်းလဲအသုံးပြုလာခဲ့ကြ၏။ မာလာဖူးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ခြင်း၊ ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိခြင်းနှင့်အဏုဇီဝပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်းတို့ ရှိ၏။ ရှေးယခင်ကတည်းက အင်ဒိုနီးရှားနိုင်ငံမှသည် နီပေါလ်နိုင်ငံအထိ မာလာဖူးကို အစာခြေခြင်းနှင့်ဆိုင်သောဝေဒနာများ၊ ကိုယ်တွင်း ရောင်ရမ်း နာကျင်ခြင်း၊ ကူးစက်ရောဂါခံစားရခြင်းနှင့် အခြားသော နာတာရှည်အဖျားရောဂါများအတွက် သဘာဝဆေးတစ်လက်အနေဖြင့် အသုံးပြုခဲ့ကြ၏။ ခေတ်မီသဘာဝကုထုံးနည်းလမ်းများ အရလည်း မာလာဖူးကို ဘက်စုံအသုံးပြုနိုင်သော ရနံ့မွှေးကုထုံးအဖြစ် အသုံးပြုလာကြ၏။

အာယုဗေဒဆေးပညာနှင့် တရုတ်ရိုးရာတိုင်းရင်းဆေးပညာရပ်အရ မာလာဖူးကိုခါးသက်သောအရသာရှိသည့် အားတိုးဆေးဟု မှတ်ယူအသုံးပြုကြ၏။ အမျိုးသမီးများ လစဉ် ဓမ္မတာစက်ဝန်းတွင်ကိုက်ခဲနာကျင်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ချောင်းဆိုး၊ ရင်ကြပ်ဖြစ်ခြင်း၊ အသည်းရောဂါများအတွက် ဆေးအဖြစ် အသုံးပြုကြ၏။ မာလာဖူးတွင် ပါဝင်သည့် အသက်ဓာတ်စွမ်းအင် (qi energy) သည် သွေးသန့်စင်စေခြင်း၊စိတ်ကျဝေဒနာကို သက်သာစေခြင်းနှင့် အဆိပ်အတောက်များကို သန့်စင်စေသည်ဟု ယုံကြည်ကြ၏။ ဗိုက်အောင့် ဗိုက်နာဖြစ်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဝမ်းဖောဝမ်းယောင်ဖြစ်ခြင်း၊ ကိုယ်လက်ဖောယောင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်ရောင်နာခြင်း၊ မီးယပ်၊ သားဖွားခြင်းနှင့်ဆိုင်သော ရောဂါများဖြစ်ခြင်း၊ မွေ့ကိုက်ခံရ ခြင်းနှင့် ကင်ဆာကဲ့သို့ အဖုအကြိတ်များကြီးထွားခြင်း အစရှိသည့် ဝေဒနာများအတွက် ရှေးယခင်ကတည်းကပင် မာလာဖူးကို အဖြစ် အသုံးပြုခဲ့ကြ၏။

မာလာဖူးပန်းခိုင်များတွင် ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အယ်လ်ကာလွိုက်၊ ဖလေဗာနွိုက်၊ တန်နင်၊ တာပင် နွိုက်၊ ဆာပိုနင်နှင့် ဖီနောလ်လစ်ကွန်ပေါင်း အစရှိသည့် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်၏။ မာလာဖူးပင်၏ မြေအောက်ပင်စည်သည် မွှေးပျံ့သောရနံ့ရှိခြင်း၊ စိတ်ကိုလန်းဆန်းကြည်လင်တက်ကြွစေခြင်း၊ လေကြေစေခြင်း အစရှိသည့် အစွမ်းသတ္တိများရှိသည့်အတွက် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြ၏။ ထို့အပြင် အာတာလွတ်ဥမှုန့်ကဲ့သို့ပင် အာဟာရတန်ဖိုးမြင့်မားသည့်အတွက် ကလေးငယ်များနှင့် နာလန်ထကာစ လူမမာများအတွက် အာဟာရမှုန့် အဖြစ် အသုံးပြုကြ၏။

ယခုလို မိုးဦးကျရာသီတွင် မာလာဖူးများကို ဈေးထဲတွင် အလွယ်တကူ ဝယ်ယူရရှိနေနိုင်ပြီဖြစ်၏။ မိုးရာသီတွင် ဝမ်းဖောဝမ်းရောင်မဖြစ်စေရန်အတွက် မာလာဖူးကို သဘာဝဆေးတစ်လက်အနေဖြင့် ဟင်းလျာ များ ပြင်ဆင်ကာ ချက်ပြုတ်စားသုံးတတ်ကြ၏။ မာလာဖူးကို ဝယ်ယူသည့်အခါ အနုအရင့်ကို ခွဲခြားတတ်ရန်လိုအပ်၏။ မာလာဖူးပန်းခိုင်နုနုလေးများမှာ ခရမ်းရောင်ရင့်နေပြီး အဖူးအငုံအတိုင်းရှိနေ၏။ ပွင့်ဖတ်များကားပြီး အဝါရောင်ပန်းပွင့်ငယ်လေးများကို တွေ့မြင်နေရပါက ရင့်နေသည့် ပန်းခိုင်ဖြစ်ပြီး စားသုံးရန် မသင့်တော်တော့သည့်အတွက် သတိပြုပြီး ဝယ်ယူသင့်၏။

မာလာဖူးပန်းခိုင်လေးများ၏ ပွင့်ချပ်တစ်ချပ်တိုင်းစီ၏ ကြားထဲတွင် သဲနှင့်ရွှံ့များ ပါလာတတ်သည့်အတွက် စားသုံးခြင်းမပြုမီ ရေဖြင့် စနစ်တကျ စင်ကြယ်အောင် ဆေးကြောသင့်၏။

- သန့်စင်ဆေးကြောပြီးသား မာလာဖူးပန်းခိုင်နုနုလေးများကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျော၊ပြီး ဖြစ်စေ ငပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငံပြာရည်ချက်၊ ခရမ်းချဉ်သီးထောင်း၊ သရက်သီးထောင်း၊ ငရုတ်သီးထောင်း အစရှိသည်တို့နှင့် တို့ဖက်ကာ တို့စရာအဖြင့် စားသုံးတတ်ကြ၏။

- မာလာဖူးပန်းခိုင် အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောထားသည့် မာလာဖူးကိုဖြစ်စေ ပါးပါးလှီးပြီး ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ရာသီစာ မာလာဖူးသုပ်လေး ရပါပြီ။ ကြက်သွန်ဖြူလေးကိုက်၊ ငရုတ်သီးစိမ်းလေးကိုက်ကာ ရေနွေးကြမ်းပူပူလေးနှင့်တွဲဖက်ကာ နေ့လည်ခင်းအဆာပြေ ဖြစ်စေ၊ မိသားစုထမင်းဝိုင်းအတွက် နှုတ်မြိန်စာ ဟင်းတစ်မယ်တိုးစေ၏။

- မာလာဖူးကို မီးကင်ပြီးနောက် ခပ်ပါးပါးလှီးကာ ခြစ်ထားသောသရက်သီးစိမ်း၊ မြေပဲလှော်၊နှမ်းလှော်၊ ဆား၊ အရသာမှုန့် အနည်းငယ်တို့နှင့်အတူ ရောထောင်းပြီးလည်း စားသုံးနိုင်၏။

- မာလာဖူးကို အခြားသော နှစ်သက်ရာ ရာသီပေါ်ဟင်းသီးဟင်းရွက်များဖြစ်သည့် မှျစ်၊ မန်ကျည်းရွက်/ ကင်ပွန်းရွက်တို့နှင့်အတူ ရောပြီး တာလပေါ်ဟင်း ချက်စားနိုင်သကဲ့သို့ ဟင်းချိုရည်အဖြစ်လည်း ချက်စားနိုင်၏။

- မာလာဖူးကို သဘာဝဟင်းရွက်များဖြစ်သည့် ဖလံတောင်ဝှေး၊ ဆူးပုပ်ရွက်တို့နှင့်အတူ ရောပြီးလည်း ကြော်ချက်လည်း ချက်စားနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် မာလာဖူးပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့်



ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်



စာ-၁၆ မှ

တစ်ဧကအတွက် နမူနာ ၁၀ မှ ၂၀ နေရာကောက်ယူသင့်ပြီး မြေမျက်နှာသွင်ပြင်အနိမ့်အမြင့်နှင့် စိုက်ပျိုးသည့် သီးနှံအမျိုးမျိုးအပေါ်မူတည်၍ပုံစံအမျိုးမျိုး ကောက် ယူနိုင်ပါသည်။

ကွင်းအားထောင့်ဖြတ်မျဉ်း ၂ ခု သတ်မှတ်၍ ပထမထောင့်ဖြတ်မျဉ်းအတိုင်း မြေနမူနာ ၅ နေရာနှင့် ဒုတိယမျဉ်းအတိုင်း မြေနမူနာ ၅ နေရာယူသည့် X – shape မြေနမူနာကောက်ယူခြင်း၊ strip – sampling နည်းဖြင့် ကောက်ယူခြင်း၊ W ပုံသဏ္ဌာန် အလိုက်ကောက်ယူခြင်းနှင့် Zig-zag ပုံသဏ္ဌာန်အတိုင်းမြေနမူနာ ကောက်ယူခြင်းတို့ဖြစ်ပါသည်။

ကောက်ယူမည့်မြေသားအနက်သည် စိုက်ပျိုးသည့် သီးနှံအမျိုးအစားနှင့် စစ်ဆေးမည့် ရည်ရွယ်ချက်အပေါ်မူတည်ပါသည်။ ဥပမာအားဖြင့် နှစ်ရှည်သီးနှံများအတွက် မြေနမူနာ ကောက်ယူရာတွင် မြေသားအနက် ၁ ပေ မှ ၁ ပေ ခွဲ အနက်အထိ ရယူရန် လိုအပ်ပါသည်။ ဘေးအန္တရာယ်ရှိသော သတ္တုများ (Heavy Metals) များအား စစ်ဆေးရန်အတွက် မြေသားအနက် ၁ ပေ မှ ၁ ပေခွဲအနက်မှ မြေနမူနာကောက်ယူရန် လိုအပ်ပါသည်။ နှစ်ချင်းသီးနှံများ (စပါး၊ ပဲ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်) အတွက်မြေနမူနာယူရာတွင် ထည်တစ်လွှာအနက် မြေသား ၆ လက်မမှ ကောက်ယူသင့်ပါသည်။

မြေနမူနာယူရာတွင် အင်္ဂလိပ်အက္ခရာ V ပုံသဏ္ဌာန်တူးယူ၍ ဂေါ်ပြားတစ်ပြားစာ တူးယူရရှိသောမြေမှ ဘေးအစွန်းသားများကိုဖယ်၍ အလယ်သားများအား မြေနမူနာရယူရမည် ဖြစ်ပါသည်။ မြေနမူနာကောက်ယူရာတွင် အပေါ်ယံမြေတွင်ရှိနေတတ်သည့် အမှိုက်၊ ခဲ၊ ပလတ်စတစ်တို့အား ဖယ်ရှားရပါမည်။

မြေနမူနာကောက်ယူရာတွင် ရေသွင်း၊ ရေထုတ်မြောင်းနားနီးသည့်နေရာ၊ ကားလမ်း၊ လူသွားလမ်း၊ တောင်ပို့နေရာများ၊ မြေဆွေးပုံသောနေရာများနှင့် လူနေအိမ်များအနီးမှ မယူရပါ။ နှစ်ရှည်သီးနှံများတွင် သီးနှံသက်တမ်းအလိုက် အပင်အရိပ်ကျသောနေရာများအားရှောင်၍ မြေနမူနာယူရပါမည်။ မြေနမူနာယူမည့်စိုက်ခင်းသည် ထယ်ထိုးထားပါက ထယ်စာပုံနေသည့် ဘောင်အပေါ်မှမြေနမူနာမယူဘဲ အဆိုပါဘောင်၏ တစ်ဝက်မှ အောက်ကိုထိုး၍ မြေနမူနာ ယူရပါမည်။

ဓာတ်ခွဲစစ်ဆေးမည့် မြေဆီလွှာဓာတ်ခွဲခန်းသို့ မြေနမူနာပေးပို့ရာတွင် မြေနမူနာနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ (ဥပမာ-မြေနမူနာကောက်ယူသည့် ရက်စွဲ၊ နေရာ၊ စိုက်ပျိုးထားသည့်သီးနှံ၊ ကွင်းအမှတ်၊ ဦးပိုင်၊ မြေသားအနက်၊ ယခင်စိုက်ပျိုးရာသီတွင် အသုံးပြုခဲ့သည့် မြေဆွေး၊ ဓာတ်မြေဩဇာ) စသည်တို့အား ရေးသားဖော်ပြ၍ ယခုစစ်ဆေးလိုသည့် မြေဆီလွှာအခြေအနေနှင့် အာဟာရဓာတ်များကို ရေးသားဖော်ပြရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမြေများ၏ အခြေအနေကို သိရှိနိုင်ရန် အတွက် မြေနမူနာကောက်ယူစစ်ဆေးရန်လိုအပ်ပြီး မြေနမူနာကောက်ယူသည့် အချိန်အားဖြင့် နှစ်ချင်းသီးနှံများအတွက် သီးနှံမစိုက်ပျိုးမီတွင် ကောက်ယူသင့်ပါသည်။ နှစ်ရှည်သီးနှံများတွင် ပထမသီးနှံခူးဆွတ်အပြီး ဒုတိယသီးနှံအတွက် သွင်းအားစုမြေဩဇာများမထည့်မီ မြေနမူနာ ကောက်ယူသင့်ပါသည်။

ဓာတ်ခွဲအဖြေအရ တောင်သူများ၏ စိုက်ခင်းမြေဆီလွှာ အခြေအနေများအား သိရှိနိုင်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများနှင့်မှန်ကန်သည့်သွင်းအားစု ဓာတ်မြေဩ ဇာများ နှင့် သဘာဝမြေဩဇာများကို အသုံးပြုကာ သီးနှံအထွက်တိုးစေခြင်းဖြင့် တောင်သူများ ဝင်ငွေတိုး၍ ပျော်ရွှင်သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ် ပါသည်။

မြင့်မြင့်ထွန်း၊မြေအသုံးချရေးဌာနခွဲ




မြေအသုံးချရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၃၊ နေပြည်တော်

# မြေဆီလွှာစစ်ဆေးဖို့ မြေနမူနာ စနစ်တကျကောက်ယူစို့

ကျွန်မတို့ လူသားများတွင် ကျန်းမာစွာနေနိုင်ဖို့အတွက် ပမာဏ ခပ်များများ စားရန်လိုအပ်သည့် အစားအစာများရှိသကဲ့သို့ ပမာဏအနည်းငယ်သာ စားရန်လိုအပ်သည့် အစားအစာများလည်း ရှိပါသည်။ ဥပမာအားဖြင့် ထမင်း၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များအား အများအပြားစားရန်လိုအပ်သော်လည်း သကြား၊ အဆီနှင့်နို့ထွက်ပစ္စည်းများအား ပမာဏအနည်းငယ်သာစားပေးရန် လိုအပ်ပါသည်။ ထိုနည်းတူစွာပင် ကျွန်မတို့ ထွန်ယက်စိုက်ပျိုးနေသည့်မြေဆီလွှာသည်လည်း သက်ရှိများဖြင့် သက်ဝင်လှုပ်ရှားနေသည့် ကြားခံကြီးဖြစ်သည့်အားလျော်စွာ သီးနှံပင်များကြီးထွားဖို့ အပင် အာဟာရများ အထောက်အပံ့ပေးရာ အလွှာတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် တောင်သူများအနေဖြင့် အပင်အာဟာရဓာတ်ဆိုတာ ဘာလဲဆိုတာကို သေသေချာချာသိဖို့လိုအပ်ပါသည်။ အပင်အာဟာရဓါတ် ဆိုသည်မှာ သီးနှံပင်များကြီးထွားရန် အစားအစာအဖြစ်လိုအပ်သည့် မြေဆီလွှာအတွင်းရှိ သေးငယ်သော အမှုန်များဖြစ်ပါသည်။ အချို့အာဟာရဓာတ်များကို အပင်များမှ ပမာဏအများအပြားလိုအပ်သော်လည်း အချို့အာဟာရဓာတ်များကို အနည်းငယ်သာလိုအပ်ပါသည်။ အပင်များရှင်သန်ကြီးထွားရန် ပမာဏအများအပြား လိုအပ်သော အပင်အာဟာရများမှာ နိုက်ထရိုဂျင်၊ ဖော့စဖောရပ်နှင့် ပိုတက်စီယမ်တို့ဖြစ်ပြီး၊ အနည်း ငယ်လိုသော အာဟာရဓာတ်များမှာ ဘိုရွန်၊ ဇင့်စသည်တို့ဖြစ်ပါသည်။

လူသားများတွင် အစားပျက် အအိပ်ပျက်များလာသဖြင့် အလွယ်တကူဖျားနာသည့်အခါ နားလည်တတ်ကျွမ်းသည့်ဆရာဝန်ထံပြသ၍ ဆရာဝန်၏ ဆေးညွှန်းချက်အတိုင်း မှန်ကန်သောဆေး၊ နှန်းထားနှင့် သောက်ရမည့်အကြိမ်ရေတို့ဖြင့် စနစ်တကျ ကုသပါက ပြန်လည်ကျန်းမာလာနိုင်ပါသည်။

ထိုနည်းတူစွာပင် စိုက်ပျိုးသီးနှံများတွင် လုံလောက်သောအာဟာရဓါတ်မရရှိပါက အပင်ကျန်းမာသန်စွမ်းမှုလျော့နည်းလာပြီး အပင်သီးပွင့်တင်မှုနှင့် အထွက်ကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် မှန်ကန်သော အပင်အာဟာရဓာတ်၊ ပမာဏနှင့် ထည့်သွင်းရမည့်အကြိမ်ပြည့်မီရေး သည် တောင်သူဝင်ငွေတိုးရေးနှင့် အထွက်တိုးရေးတို့တွင် အဓိကကျပါသည်။ ယခုလက်ရှိ တောင်သူအများစု အသုံးပြုနေသည့် အပင်အာဟာရဓာတ်များမှာ ယူရီးယားဓာတ်မြေဩဇာ (ပုလဲ) များဖြစ်ပြီး အပင်များမှ နိုက်ထရိုဂျင်တစ်မျိုးကိုသာ ရရှိနိုင်ပါသည်။ ထို့ကြောင့် "အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပြီ" ဆိုသည့်အတိုင်း တောင်သူများ၏ စိုက်ပျိုးမြေဆီလွှာများတွင် လိုအပ်သည့် အာဟာရဓာတ်၊ ထည့်သွင်းရန်လိုအပ်သည့်ပမာဏနှင့် မြေဆီလွှာဆိုင်ရာပြဿနာ များကိုသိရှိပြီး အဖြေရှာနိုင်ရန်အတွက် မြေဆီလွှာအခြေအနေအား ဓာတ်ခွဲစစ်ဆေးရန် လိုအပ်လာပါသည်။ ထိုသို့စစ်ဆေးရန်အတွက် စိုက်ပျိုးမြေဆီလွှာအား ကိုယ်စားပြုနိုင်သည့် ဓာတ်ခွဲ စစ်ဆေးရန် မြေနမူနာ လိုအပ်ပါမည်။

ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမြေများ၏ အခြေအနေကို သိရှိနိုင်ရန် အတွက် မြေနမူနာကောက်ယူရန်လိုအပ်ပါသည်။ မြေနမူနာကောက်ယူရာတွင် ပေါက်ပြား၊ ဂေါ်ပြားတို့ဖြင့် မြေကိုတူးဆွဲ၍ ပလတ်စတစ်ပုံးထဲသို့ထည့် မွှေ၍ ကိုယ်စားပြုနမူနာအား ပလတ်စတစ်အိတ်ကိုလုံအောင်ပိတ်ပြီး ကောက်ယူသည့်မြေနမူနာနှင့် ပတ်သက်သည့် အချက်အလက်များအား အိတ်ပေါ်တွင်ရေး၍ ဓါတ်ခွဲခန်းသို့ ပေးပို့ခြင်းဖြစ်ပါသည်။

မြေနမူနာကောက်ယူသည့်အချိန်မှာ နှစ်ချင်းသီးနှံများအတွက် သီးနှံမစိုက်ပျိုးမီတွင် ကောက်ယူသင့်ပါသည်။ နှစ်ရှည်သီးနှံများတွင် ပထမသီးနှံခူးဆွတ်အပြီး ဒုတိယသီးနှံအတွက် သွင်းအားစုမြေဩဇာများ မထည့်မီ မြေနမူနာ ကောက်ယူသင့်ပါသည်။ စိုက်ပျိုးသည့် သီးနှံအလိုက် မြေနမူနာစစ်ဆေးလိုပါက မြေနမူနာကောက်ယူရာတွင် သီးနှံအလိုက်သီးခြားစီ ကောက်ယူရန်လိုအပ်ပြီး သီးနှံမစိုက်သည့် အခြားနေရာများမှလည်း ကောက်ယူရန်လိုအပ်ပါသည်။ ကောက်ယူသည့်နေရာသည် မြေသားအနိမ့်အမြင့်မတူပါက မြေသားအနိမ့်အမြင့် (ကုန်းစောင်း၊ ချိုင့်၊ တောင်ကုန်း၊ မြေညီ/မြေပြန့်) စသည့်ဖြင့် ဇရိယာခွဲ၍ ကောက်ယူသင့်ပါသည်။ ကျဘမ်း မြေနမူနာကောက်ယူရာတွင် မြေ

စာ-၁၅ သို့

**မြင့်မြင့်ထွန်း**
**( မြေအသုံးချဗ္ဗာနခွဲ )**

